# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ စနေနေ့။ Saturday, 14 September 2024 ၁၁၅၈၀


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းတံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ရေကြီးရေလျှံမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၃

တောင်တရုတ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ အရှိန်နှင့်ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် စက်တင်ဘာ ၁၀ ရက်မှ စတင်၍နေရာအနှံ့အပြား မိုးအဆက်မပြတ် ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အချို့နှင့် အခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ မြို့နယ်အချို့တို့တွင် ရုတ်တရက်ရေကြီး ရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)ရေတိုက်စားပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။


ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၆ ) ရက်သာ လိုတော့သည်။

IMMIGRATION



ကြေးမုံ

# ရှေးဦးပြုစုကူညီစောင့်ရှောက်မှု အမြဲအသင့်ရှိသည့်ကြက်ခြေနီ

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့သည် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဖြစ်သည်။ ရှေးဦးပြုစုစောင့်ရှောက်ကူညီမှုနှင့်ကြက်ခြေနီတို့သည် အစဉ်အမြဲဒွန်တွဲနေသည်။ ရှေးဦးပြုစုခြင်းသည် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ပင်မလုပ်ငန်းဖြစ်သလို ကြက်ခြေနီအသင်းများ၏ အမြုတေ သို့မဟုတ် ကျောရိုးမဏ္ဍိုင်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာရှိ ကြက်ခြေနီအသင်းများအားလုံး ဆောင်ရွက်ကြသည့် စီမံချက်များ၊ စီမံကိန်းများ၏ ကနဦးလုပ်ငန်းစဉ်ဖြစ်သည်။

ရှေးဦးပြုစုခြင်းအတတ်ပညာဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ နာမကျန်းဖြစ်သူများကို ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများထံသို့ မရောက်ရှိမီ ထိခိုက်ဒဏ်ရာများ ပိုမိုမပြင်းထန်စေရေး၊ အမြန်ဆုံး ပြန်လည်ကောင်းမွန်လာစေရေးအတွက် ရှေးဦးပြုစုခြင်းပြုလုပ်ပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများ သက်သာရာရရှိစေရန် ရှေးဦးဆောင်ရွက်သော အတတ်ပညာဖြစ်သည်။ ကြက်ခြေနီဆိုသည်မှာ ဒုက္ခတွေ့ကြုံနေသူများ၊ ဒဏ်ရာရလူနာများကို စေတနာ့ဝန်ထမ်းများအဖြစ် ပြုစုစောင့်ရှောက်ပေးသူများဖြစ်သည်။

ကြက်ခြေနီအသင်း၏ အဓိကရည်ရွယ်ချက်မှာ ရှေးဦးသူနာပြုစုသောနည်းလမ်းများဖြင့် လူသားတို့၏အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်သည်။ လူနာတစ်ဦးကို တွေ့ရှိသောအခါ ဆေးရုံ၊ ဆေးခန်းများသို့ ချက်ချင်း သို့မဟုတ် အချိန်ပိုင်းအတွင်း မပို့ဆောင်နိုင်ပါက လူနာ၏အသက်အန္တရာယ်ကို အတတ်နိုင်ဆုံးသောနည်းလမ်းဖြင့် ကာကွယ်စောင့်ရှောက်ကယ်တင်ခြင်းဖြစ်သည်။ ရှေးဦးပြုစုအတတ်ပညာများကို တတ်မြောက်ထားလျှင် လူသားချင်းစာနာထောက်ထားမှု စံနမူနာဖြင့် အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်သည့်အပြင် ကိုယ်ခန္ဓာ မသန်စွမ်းဖြစ်မှုများကိုလည်း ကာကွယ်ပေးနိုင်သည်။

ကြက်ခြေနီအသင်း၏ လုပ်ငန်းစဉ်များတွင် ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)နှင့်ပူးပေါင်း၍ ခြေတု၊ လက်တုတပ်ဆင်ခြင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် အကူအညီများပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြက်ခြေနီအသင်းခွဲများ တိုးတက်လာရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်လူနာတင်ယာဉ်များဖြင့် ကူညီဆောင်ရွက်ပေးခြင်းတို့ ပါဝင်သည်။ ကြက်ခြေနီမောင်မယ်များသည် အရေးပေါ်ဖြစ်ပွားသောနေရာများသို့ ကွင်းဆင်း၍ ရှေးဦးသူနာပြုအတတ်ပညာများဖြင့် ဒဏ်ရာရလူနာများကို ပြုစုစောင့်ရှောက်ပေးကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးရုံသာမက နိုင်ငံအတွင်း လူမှုကရုဏာဆိုင်ရာ အကူအညီလိုအပ်သူများအတွက် အကူအညီများပေးခြင်း၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွင် ကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးခြင်း၊ စေတနာသွေးလှူရှင်လုပ်ငန်းများနှင့် အရေးပေါ်လူနာတင်ယာဉ်လုပ်ငန်းများတွင်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ၊ မိုခါမုန်တိုင်းကြုံတင်ပြင်ဆင် တုံ့ပြန်ခြင်းလုပ်ငန်းများတွင် စွမ်းစွမ်းတမံအသက်စွန့်ပြီး ဆောင်ရွက်ပေးခဲ့သည်။

မကြာမီက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့သည့်ကာလများတွင်လည်း ဖြစ်ပွားရာဒေသများတွင် ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ခြင်းလုပ်ငန်းများအဖြစ် ကြက်ခြေနီစေတနာရှင် လုပ်အားပေးများက ရပ်ရွာများအတွင်း အသိပညာများပေးခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ လူနာများအား ဆေးရုံဆေးပေးခန်းများသို့ ပို့ဆောင်ပေးခြင်း၊ ကလိုရင်းဆေးခတ်ရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ကူညီဆောင်ရွက်ပေးခြင်း၊ ဓာတ်ဆားထုပ်များနှင့် ကလိုရင်းဆေးမှုန့်များ ထောက်ပံ့ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြသည့်အပြင် ယခုကာလတွင် နိုင်ငံအချို့၌ဖြစ်ပေါ်နေသော မျောက်ကျောက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင်လည်း ပြည်သူလူထုအား ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ကမ္ဘာတစ်ဝန်းရှိ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းဝင်နိုင်ငံပေါင်း ၁၉၁ နိုင်ငံရှိပြီး နှစ်တစ်နှစ်၏ စက်တင်ဘာလ ဒုတိယပတ်၏(စနေနေ့)ကို ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အဖြစ်သတ်မှတ်ကာ နှစ်စဉ်နှစ်တိုင်း အထိမ်းအမှတ်အခမ်းအနားများကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံအားလုံး၌ ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၀၃ ခုနှစ်မှစတင်၍ကျင်းပခဲ့ရာ ယခုနှစ်သည် (၂၂)ကြိမ်မြောက်ဖြစ်သည်။ ယခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဆောင်ပုဒ်မှာ "အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်" ကို ချမှတ်ထားရာ ရှေးဦးပြုစုခြင်းတွင် တိမ်မြုပ်နေသောကဏ္ဍတစ်ခုကို ထုတ်ဖော်လိုက်ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ရှေးဦးပြုစုခြင်းသည် ကြက်ခြေနီအသင်း၏ အဓိကမဏ္ဍိုင် အနှစ်သာရဖြစ်သည်နှင့်အညီ မျက်မှောက်ကာလ အရေးပေါ်ကြုံတွေ့နေသောအခြေအနေများ၌ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့အပြင် အားကစားကဏ္ဍတွင်ပါ ထိခိုက်ဒဏ်ရာ အနာတရဖြစ်ကြသူများ၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ နာကျင်မှုများနှင့် ကြုံတွေ့နေရသူများကို ကရုဏာ၊ မေတ္တာ၊ စာနာစိတ်ထားများဖြင့် ကူညီဖေးမဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ။

## ရာဂီမုန်တိုင်းဒဏ်ကြောင့် ရေကြီး/ရေလျှံမှုများ ကြုံတွေ့နေရသည့် ရေဘေးသင့်ပြည်သူများအတွက် ဆက်သွယ်ရေးကဏ္ဍ၏ လူမှုအကျိုးပြုလုပ်ငန်း Corporate Social Responsibility (CSR) အဖြစ် ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်

ရာဂီမုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေကြီးသည့်အတွက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရေဘေးသင့်ဒေသများရှိ မိုဘိုင်းဖုန်းသုံးစွဲသူ ပြည်သူများ အဆင်ပြေချောမွေ့စေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) မိုဘိုင်းဖုန်းအချင်းချင်း အခမဲ့ဖုန်းပြောဆိုခွင့်မိနစ် (၇၀၀) နှင့် အခမဲ့စာတိုပေးပို့ခွင့် အစောင် (၇၀၀)၊ အက်တမ် မြန်မာလီမိတက် (ATOM) မိုဘိုင်းဖုန်းအချင်းချင်း အခမဲ့ဖုန်းပြောဆိုခွင့် မိနစ် (၅၀၀) နှင့်အခမဲ့စာတိုပေးပို့ခွင့် အစောင် (၅၀၀)၊ အော်ရီဒူးမြန်မာလီမိတက် (Ooredoo) မိုဘိုင်းဖုန်းအချင်းချင်း အခမဲ့ဖုန်းပြောဆိုခွင့်အကန့်အသတ်မဲ့နှင့် အခမဲ့စာတိုပေးပို့ခွင့် အကန့်အသတ်မဲ့၊ တယ်လီကွန်းအင်တာနေရှင်နယ် မြန်မာကုမ္ပဏီလီမိတက် (MYTEL) မိုဘိုင်းဖုန်းအချင်းချင်း အခမဲ့ဖုန်းပြောဆိုခွင့် မိနစ် (၁၀၀၀) နှင့် အခမဲ့စာတိုပေးပို့ခွင့် အစောင် (၁၀၀၀) တို့အား ၁၃-၉-၂၀၂၄ ရက်မှစတင်၍ (၇) ရက်အထိ အသုံးပြုခွင့်ကို မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများက ပေးအပ်လှူဒါန်းသွားမည်ဖြစ်သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနက အသိပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်ရောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အတွင်းရှိ စက်ရုံများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် အလုပ်သမားဥပဒေပါရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ရွှေလင်ပန်းစက်မှုဇုန်ရှိ Tian Yu International Co.,Ltd ဖိနပ်စက်ရုံ၊ Ruifa Enterprise Co.,Ltd အိတ်ချုပ်စက်ရုံ၊ ရွှေသံလွင်စက်မှုဇုန် Myanmar Sunview Garments Co.,Ltd အထည်ချုပ်စက်ရုံ၊ Yoo Win Manufacturing Co.,Ltd အထည်ချုပ်စက်ရုံတို့၌ စက်ရုံလုပ်သမားများအား အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကြည်လင်နှင့် ဦးသန့်ဇော်တို့က ကွင်းဆင်း၍ အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၈,၉၀၀ | ၅၇ | ၅၀၈,၈၀၀ |
| MTSH | ၃,၅၀၀ | ၃,၄၀၀ | ၄,၈၇၃ | ၁၆,၅၈၂,၇၀၀ |
| MCB | ၉,၀၀၀ | ၉,၀၀၀ | ၀ | ၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၂၁ | ၃၈,၈၅၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၄၅၇ | ၁,၂၇၉,၆၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၈၁၃ | ၁,၃၈၂,၁၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၀ | ၀ |
| MAEX | ၃,၄၅၀ | ၃,၄၅၀ | ၀ | ၀ |
| MADPL(PLB) | ၃၇,၀၀၀ | ၃၇,၀၀၀ | ၉၇ | ၃,၅၈၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့်လမ်းများ၌ စက်ယန္တရားအင်အား၊ လူအင်အားဖြင့် ရှင်းလင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သိုက်ချောင်းတံတား(ဆင်သေချောင်းကူး)၌ ဘေလီတံတားထိုး၍ ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့ဖြစ်ပေါ်ခဲ့ရာ သက်ဆိုင်ရာ နယ်မြေအလိုက် နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့် အတူ ရေဘေးသင့် ပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီ ရွှေ့ပြောင်းပေးခြင်း၊ လမ်း/တံတားများအား ပြန်လည်ပြုပြင်ခြင်း၊ ပြိုကျပျက်စီးခဲ့သည့် အုတ်တံတိုင်းများနှင့် အဆောက်အအုံများအား ဖယ်ရှား ရှင်းလင်းပေးခြင်းနှင့် လမ်းများ၌ ပိတ်ဆို့နေသည့် သစ်ပင်/ သစ်ကိုင်းများ အား ခုတ်ထွင် ရှင်းလင်းပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ရေဘေးသင့် ပြည်သူများအား သက်ဆိုင်ရာ မြို့နယ်အလိုက် ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းများ၌ ကူညီကယ်ဆယ် နေရာချထားပေးကာ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ စားရေရိက္ခာများဝေငှခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကူညီကယ်ဆယ်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများ၊ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ယာယီပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ရေကြီးရေလျှံမှုအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ကို ဆက်သွယ်ထားသော ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ အရှည်ပေ ၃၆၀၊ အကျယ် ၅၅ ပေရှိ သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)သည် ဆင်သေချောင်းတစ်လျှောက် ရုတ်တရက် ရေကြီးရေလျှံခြင်းများကြောင့် တံတားကမ်းကပ်ခုံများပျက်စီးခြင်း၊ ချဉ်းကပ်လမ်း ရေတိုက်စား၍ လမ်းတာပေါင် ပျက်စီးခြင်း၊ တံတားရေလယ်တိုင်(Pier) များ နိမ့်ကျခြင်းများဖြစ်ပေါ်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ဘေလီတံတားထိုး၍ ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)အပြင် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အခြားတံတားများကိုလည်း အများပြည်သူ သွားလာရေး အဆင်ပြေစေရန်နှင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ယာယီတံတားများကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ရေကြီးရေလျှံမှုများ လျော့ပါးသွားချိန်၌ ပျက်စီးသွားသည့်တံတားများ ပြန်လည်ပြုပြင် တည်ဆောက်ရာတွင်လည်း ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေးနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ချိန်တွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးတို့အတွက် စနစ်တကျထည့်သွင်းတွက်ချက်၍ ပြန်လည်ပြင်ဆင် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အခြားတံတားများကိုလည်း အများပြည်သူသွားလာရေးအဆင်ပြေစေရန်နှင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ယာယီတံတားများကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ရေကြီးရေလျှံမှုများ လျော့ပါးသွားချိန်၌ ပျက်စီးသွားသည့်တံတားများ ပြန်လည်ပြုပြင် တည်ဆောက်ရာတွင်လည်း ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေးနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ချိန်တွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးတို့အတွက် စနစ်တကျ ထည့်သွင်းတွက်ချက်၍ ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်လို**

**လိုအပ်သည်များမှာကြား**

ထို့နောက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများအား ယာယီရေဘေးရှောင်စခန်းများသို့ ကူညီပြောင်းရွှေ့ပေးထားမှုအခြေအနေများကိုမေးမြန်းကာ ရေဘေးသင့်ပြည်သူများ၏ နေရေးနှင့် စားရေးအဆင် ပြေစေရေးအတွက် စီမံဆောင်ရွက်ပေးသွားရန်နှင့် **စာမျက်နှာ ၄ သို့** ☆

☆ စာမျက်နှာ ၃ မှ

လိုအပ်သည့် ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၏ ဆွမ်းကိစ္စ အဆင်ပြေစေရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သိုက်ချောင်းကျေးရွာမှ ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ စိုက်ကေများ ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးနေမှုအခြေအနေများ၊ ကျေးရွာများအတွင်း ရေဝင်ရောက်နေမှုများ၊ ပင်လောင်းလမ်းဆုံနှင့် ရန်ကုန်-မန္တလေး လမ်းဟောင်းမှ လှေခွင်းတောင်သို့ ဝင်ရောက်သည့် လမ်းပိုင်းနေရာများတွင် ရေကျော်ဖြစ်ပေါ်နေမှု အခြေအနေများ၊ ကုန်တင်ကားကြီးများနှင့် ခရီးသည်တင်ယာဉ်များ စောင့်ဆိုင်းနေရမှု အခြေအနေများ၊ ကျောက်ချက်တံတား (ဆင်သေချောင်းကူး)ပေါ်မှတစ်ဆင့် ဆင်သေချောင်းအတွင်း ရေများ အဆက်မပြတ် စီးဆင်းနေမှု အခြေအနေများ၊ ပုဗ္ဗသီရိ မြို့နယ် ဝက်ကုန်းကျေးရွာနှင့် ပေါက်တော ကျေးရွာလမ်းကြောင်းတစ်လျှောက် လူနေအိမ်များ ရေဝင်ရောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေကြီးရေလျှံမှုများကြောင့် လမ်းများ၌ သစ်ပင်/သစ်ကိုင်းများ ပိတ်ဆို့နေမှုများကို အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရန် လိုကြောင်း၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မှသာလျှင် ရေဝပ်မှုများကျဆင်းသွားမည်ဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စက်ယန္တရားအင်အား၊ လူအင်အားများကို အင်ပြည့်အားပြည့်ဖြင့် အသုံးပြုဆောင်ရွက်သွားရန်လိုကြောင်း၊ စက်ယန္တရားများရှိသည့် ဝန်ကြီးဌာနများနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့များမှ စက်ယန္တရားများ ထပ်မံထုတ်ယူ၍ ရေစီးရေလာ ကောင်းမွန်အောင် ရေလမ်းကြောင်း အမြန်ရှင်းလင်းရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့ပြီး ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရစဉ်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အေးမြင့်သာယာတံတား(ဆင်သေချောင်းကူး)သို့ ရောက်ရှိကြပြီး ရေစီးအားကြောင့် တံတားချဉ်းကပ်လမ်း မြေကာနံရံပွဲ့ကျ ပျက်စီးနေမှုအခြေအနေများနှင့် ဆင်သေချောင်းအတွင်း သစ်ပင်၊ သစ်တုံးများ မျောပါပြီး တံတားအောက်ခြေတိုင်များတွင် ပိတ်ဆို့နေမှုများကို ဖယ်ရှားနေမှုများအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တံတားများနှင့် လမ်းများအားလုံး ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းများ ပိုမိုမြန်ဆန်မှုရှိစေရေး စက်ယန္တရားများကို ထိရောက်စွာ အသုံးပြုသွားရန် လိုကြောင်းနှင့် ရေဖုံးလွှမ်းခဲ့သည့် လမ်းတစ်လျှောက် တင်ကျန်ခဲ့သည့် ရွှံ့ညွန်များ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောက်ချက်တံတား (ဆင်သေချောင်းကူး) တွင် ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တာဝန်ရှိသူများအား နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုဒဏ် ခံခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အင်ပြည့်အားပြည့်ဖြင့် အမြန်ဆုံး ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေဘေးသင့် ပြည်သူများ၏ လက်ဝယ်သို့ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ အမြန်ဆုံးရောက်ရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ အရှိန်ကြောင့် ရေကြီးရေလျှံမှုများ ကြုံတွေ့ခံစားခဲ့ရသည့် အခြားနိုင်ငံများနည်းတူ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ အမြန်ဆုံး ရရှိနိုင်ရေးအတွက်လည်း နိုင်ငံတော်အစိုးရက တာဝန်ရှိသူများအနေဖြင့် အမြန်ဆုံးချိတ်ဆက်ရယူနိုင်ရေး ဆောင်ရွက်သွားရန်နှင့် ရေဘေးသင့်ပြည်သူများအား အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေး ဆက်လက် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**အသိပေးနှိုးဆော်ထား**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနအနေဖြင့်လည်း ယနေ့နံနက်ပိုင်းမှ စက်တင်ဘာ ၁၅ ရက်အထိ ယခုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများအား ကြည့်ရှုစစ်ဆေးစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန(DMC)၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်လျက်ရှိသော တောင်တရုတ်ပင်လယ်အတွင်းရှိ တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ အရှိန်ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်း အရှိန်ကြောင့်လည်းကောင်း တိုင်းဒေသကြီး/ ပြည်နယ်အချို့မှာ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ ရေကြီးသည်နှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများကလည်း ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုးစားဆောင်ရွက်ခဲ့ကြကြောင်း၊ ဆက်လက်၍ နေအိမ်၊ လမ်းတံတား၊ အခြေခံအဆောက်အအုံ ပျက်စီးမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးကိုလည်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ရေဘေးသင့်သူများအတွက် လိုအပ်သောထောက်ပံ့ကူညီမှုများ ကဏ္ဍအလိုက်ထိခိုက်ပျက်စီးမှုများကို အထက်အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊ လမ်းညွှန်မှုခံယူ အကောင်အထည်ဖော်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများက ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။



ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြစ်ပွားနေသော ရေကြီးရေလျှံမှုများနှင့်စပ်လျဉ်း၍ တုံ့ပြန်ဆောင်ရွက်မှုများ၊ ASEAN Coordinating Center for Humanitarian Assistance on Disaster Management – AHA Center မှ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးပို့မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ၊ အရေးပေါ်ကူညီကယ်ဆယ်ရေးအတွက်ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဖြစ်ပေါ်နိုင်သည့် မိုးလေဝသအခြေအနေများအရ ဆောင်ရွက်ရန်လျာထားမှုများကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးချက်များအရ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်နေသော နေရာဒေသများအလိုက် သတင်းအချက်အလက် လွယ်ကူလျင်မြန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ပြည်တွင်း/ပြည်ပမှ လှူဒါန်းရောက်ရှိသော ပစ္စည်းများနှင့်စပ်လျဉ်း၍ လိုအပ်သောသွင်းကုန်ဆိုင်ရာ၊ အကောက်အခွန်ဆိုင်ရာ၊ ပို့ဆောင်မှုဆိုင်ရာစသည့်လုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ဝန်ကြီးဌာန/ အဖွဲ့အစည်းများအလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စနစ်တကျဆောင်ရွက်နိုင်ရေး၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုအခြေအနေ ကိန်းဂဏန်းအချက်အလက်များကို အထက်အဆင့်ဆင့်သို့ အချိန်နှင့် တစ်ပြေးညီတင်ပြနိုင်ရေး၊ ဆည်မြောင်း၊ တာတမံများနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အန္တရာယ်ဖြစ်ပွားနိုင်မှုဆိုင်ရာ အသိပေးချက်များ၊ သတင်း အချက်အလက်များကို ပြည်သူများ လက်လှမ်းမီသိရှိနိုင်ရေး၊ မြစ်ရေကြီးမှုအပါအဝင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသည့် နေရာဒေသများအား အသိပေးကြေညာရာ၌ ထိခိုက်နိုင်ခြေရှိသည့် မြို့နယ်/ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် ဖော်ပြကြေညာသွားရန်၊ လိုအပ်ပါက ကြိုတင်ရွှေ့ပြောင်းနိုင်ရေးကိုပါ ထည့်သွင်းဖော်ပြရန်တို့အပါအဝင် စီမံခန့်ခွဲမှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း နေပြည်တော်အတွင်းရှိ ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးကြီးကာရေနစ်မြုပ်မှုများဖြစ်ပေါ်နေသည့် ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့မှ ကျေးရွာပြည်သူများ ယာယီရေဘေးရှောင်လျက်ရှိသော ပျဉ်းမနားမြို့နယ် မင်္ဂလာဇမ္ဗူဟာသာသနာ့ဗိမာန်နှင့် အောင်စည်သာ ဘုန်းတော်ကြီးကျောင်းတို့၌ ဖွင့်လှစ်ထားရှိသည့် ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး ရေဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားများပြောကြားကာ စုစုပေါင်း တန်ဖိုးငွေကျပ် ၄၇ ဒသမ ၉၀၈ သိန်းတန်ဖိုးရှိ ဆန်ရိက္ခာဖိုးနှင့် ခေါက်ဆွဲခြောက်ထုပ်များ ထောက်ပံ့ပေးအပ်သည်။



**ပေးအပ်လှူဒါန်း**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရေဘေးရှောင်ပြည်သူများအတွက် ဦးစိုးနိုင်နှင့် ဒေါ်အေးအေးခိုင် "အေးအေးခိုင်" ကျောက်မျက်ကုမ္ပဏီမိသားစုက ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဆန် ၂၄ ပြည်အိတ် ၃၀၀၊ MSG Co.,Ltd. ဥက္ကဋ္ဌ ဦးရဲရင့်အောင်မိသားစုက ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ သောက်ရေသန့်နှင့် ဆေးဝါးများ၊ ထာဝရဝိန့်စိန် စိန်ရွှေရတနာရွှေဆိုင်က ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဒေါက်တာအေးခိုင်ညွန့် မိသားစုတို့က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မရှိခဏဘုန်းကြီးကျောင်းရှိယာယီရေဘေးရှောင်စခန်းမှရေဘေးရှောင်ပြည်သူများအတွက် နေ့လယ်စာ ထမင်းဘူး ၃၀၀၊ အိမ်ချက်ကုလားပဲဟင်းဘူး ၁၀၀ နှင့် လူ ၄၀၀ အတွက် အဝတ်အထည်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တစ်ဆင့် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများရှိ ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၁၃

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် သီလရှင်ပညာရေးကျောင်းများရှိ သံဃာတော်များနှင့် သီလရှင်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပုဗ္ဗသီရိမြို့နယ် ဆင်ဖြူရှင်တောရကျောင်း ဓမ္မဝိဇ်တဗိမာန်တော်ကြီး၌ ကျင်းပရာ အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ငါးပါးသီလခံယူ**

ဦးစွာ ဧည့်ပရိသတ်များက ပုဗ္ဗသီရိမြို့နယ် ရွာတော်အုပ်စု ကြာကန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ကြာကန်ကျောင်း၊ တိုက်ကျောင်း၊ ကံသာယာဓမ္မရိပ်သာကျောင်း၊ ဘုရားကြီး(ငါးစိမ်းအင်း)ကျောင်း၊ ထူးကြီးပရိယတ္တိစာသင်တိုက်၊ မဟာဝိသုတာရာမ(အောင်ပန်း)ကျောင်းနှင့် ရွာသစ်ကျောင်း၊ ဆင်ဖြူကျွန်းကျောင်း၊ မဟာဓမ္မပါရမီမိုးကုတ်ရိပ်သာကျောင်း၊ နန်းတော်ရာတပ်ဦးကျောင်း၊ ကောဝိဒါရာမကျောင်း၊ ဆင်တဲကြီးကျောင်း၊ သာသနဝှိတကာရီ(စက်ကုန်း)ကျောင်း၊ ကြံတဲစုကျောင်းနှင့် မြောက်ချောင်းကျောင်း၊ တိုက်သစ်ကျောင်း၊ မိုးကောင်းဓမ္မသုခ(ချောင်းစောက်)၊ ဓမ္မသုခ(လယ်သာ)ကျောင်း၊ အောင်စည်သာပရိယတ္တိစာသင်တိုက်၊ ကြံဖိုစုကျောင်း၊ မဏိဇောတိကာရုံကျောင်း၊ ကျောင်းစုပရိယတ္တိစာသင်တိုက်၊ သာယာကုန်းကျောင်း၊ အေးကျောင်း၊ မေတ္တာသုခကျောင်း၊ သဒ္ဓါရုံကျောင်း၊ သရက်သမိန်ကျောင်း၊ အောင်မေတ္တာကျောင်း၊ ထိန်လင်းကျောင်း၊ သစ္စာအောင်မြေကျောင်းနှင့် သာသနဉယျာဉ်ကျောင်းတို့မှ ဆရာတော်ကြီးများနှင့် သဒ္ဓမ္မနန္ဒီသီလရှင်ကျောင်းနှင့် ပြင်ကြီးသာသနဝေပုလ္လ သီလရှင်ကျောင်းတို့သို့ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် ရွာတော်အုပ်စု ကြာကန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိယ ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များနှင့် သီလရှင် ဆရာကြီးများအား ဆင်ဖြူရှင်ရပ်ကွက်ရှိ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မရှိခဏကျောင်းဆရာတော် ဘဒ္ဒန္တတိက္ခာစာရအားဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ အဆိုပါကျောင်း၌ရေဘေးရှောင်နေသော နေပြည်တော်ကောင်စီနယ်မြေ သူရဲသမိန်ရွာနှင့် ဇီးကုန်းရွာတို့မှ ရေဘေးသင့်ဒေသခံပြည်သူများနှင့် တွေ့ဆုံ အားပေးစကားပြောကြား၍ အစားအသောက်နှင့်အဝတ်အထည်များ ထောက်ပံ့ပေးအပ်သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့ နယ်ရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်း ၃၁ ကျောင်းနှင့် သီလရှင်ကျောင်းနှစ်ကျောင်း စုစုပေါင်း ၃၃ ကျောင်းရှိ ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေကျပ် ၆၆ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာချင်းဆက်လမ်း၊ တံတားများ၊ ကျေးလက်ရေပေးရေးလုပ်ငန်း ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ပြည်သူများနှင့် တွေ့ဆုံ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးကာကွယ်ရေးစခန်းတွင် ရောက်ရှိနေသည့် ပြည်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာချင်းဆက်လမ်း၊ တံတားများ၊ ကျေးလက်ရေပေးရေးလုပ်ငန်းပျက်စီးမှု သဘာဝဘေးကာလအလွန်တွင် အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးနှင့် စိုက်ပျိုးသီးနှံများအတွက်လည်း အမြန်ဆုံး ပြန်လည်စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်ထူထောင်ရေးလုပ်ငန်းကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တပ်ကုန်းမြို့နယ်အတွင်းရှိ ယာယီရေဘေးကာကွယ်ရေး စခန်းရှစ်ခုရှိ လူဦးရေ ၇၈၃၇ ဦးတို့အတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၈၇ ဒသမ ၆၅၅ သိန်း တန်ဖိုးရှိ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ ကြက်ဥ၊ မုန့်ကြွပ်၊ ပေါင်မုန့်၊ ဘီစကွတ်မုန့်များ၊ လူသုံးကုန်ပစ္စည်းများဖြစ်သည့် Hygienic Kits၊ အဖုံးပါပလတ်စတစ်ရေပုံး၊ တာပေါ်လင်စနှင့် ကြိုးခွေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများမှ ချုပ်လုပ်သည့် အဝတ်အထည် အစုံ ၃၀၀ နှင့် ဖိနပ် ၇၃၃ စုံတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေသန့်များ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာသို့သွားရောက်ကာ လူနေအိမ်ပျက်စီးမှုများ၊ ကျွဲ၊ နွား တိရစ္ဆာန်များ သေဆုံးမှုအခြေအနေ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သော ချောင်းခွကျေးရွာအဝင် နဝင်းချောင်းတံတား(ချောင်းခွ)နှင့် ချဉ်းကပ်လမ်းများ ရေတိုက်စားပျက်စီးမှုနှင့် ကျေးရွာချင်းဆက်လမ်းများ ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး၊ သွားလာမှုအဆင်ပြေစေရေးနှင့် သန့်ရှင်းသော သောက်သုံးရေများရရှိရေးတို့ကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန် ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ရှားတော–ညောင်ပင်သာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတား ပျက်စီးနေမှု၊ ရေအေး–ညောင်ပင်သာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်ရေကျော် ရေတိုက်စားပျက်စီးမှုနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ ကျည်တောင်ကန်– ဇီးကုန်း–လေသာကျေးရွာချင်းဆက် လမ်းပေါ်ရှိ ဆင်သေချောင်းကူးတံတား ချဉ်းကပ်လမ်းများ ရေတိုက်စားပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လမ်းပန်းဆက်သွယ်မှု ပြတ်တောက်မှုမရှိစေရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမြန်ဆုံး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးကာကွယ်ရေးစခန်းတွင် ရောက်ရှိနေသည့် ဇီးဖြူပင်၊ သစ်ဆိမ့်ပင်၊ နှမ်းတော၊ ပေါစံခွေကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ အားပေးစကားပြောကြား၍ အဆိုပါကျေးရွာများမှ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၆၆ ဒသမ ၄၅ သိန်းတန်ဖိုးရှိ ဆန်အိတ် ၆၀ ၊ ဆီ အပါအဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံး ကုန်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေသန့်များ ဖြန့်ဝေပေးမှု၊ ပေါစံခွေကျေးရွာ၌ တပ်မတော်နှင့် လူမှုကူညီရေးအသင်းများက ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိသည့် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၆၀ နှင့် ဆီပိဿာ ၁၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

**အားပေးစကားပြောကြား**

ဆက်လက်၍ လယ်ဝေးမြို့နယ် ပျံချီကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးကာကွယ်ရေးစခန်းတွင် ရောက်ရှိနေသည့် သဖန်းပင်၊ ရေကာ၊ ဇီးဖြူတန်းကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ပျံချီကျေးရွာဘုန်းတော်ကြီးကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ သဖန်းပင်၊ ရေကာ၊ ဇီးဖြူတန်းကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၈၄ ဒသမ ၁၃ သိန်းတန်ဖိုးရှိ ဆန်၊ ဆီ အပါအဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် လယ်ဝေးမြို့နယ်အတွင်း ရေဘေးသင့် ပြည်သူအားလုံးအတွက် ဆန်အိတ် ၄၇ အိတ်ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ထောက်ပံ့ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေသန့်များ ဖြန့်ဝေပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ် ထိန်းသိမ်းခြင်း နှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသား ယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။




# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပျက်စီးသွားသည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကွင်းဆင်းကြည့်ရှု



နေပြည်တော် စက်တင်ဘာ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆင်သေချောင်း ရုတ်တရက်ရေလျှံသဖြင့် ပျက်စီးခဲ့သော လမ်း၊ တံတားများအား လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေး အရေးပေါ် ပြန်လည်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကိုကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည်ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၄၅ မိုင် ၇ဖာလုံရှိနဝင်းချောင်းတံတား(အဆုံတံတား) သို့သွားရောက်ပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေတိုက်စား ပျက်စီးသွားသည့် တံတားချဉ်းကပ်လမ်း ပြင်ဆင်ဆောင်ရွက်သည့်အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက အဆိုပါတံတားသည် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး ပေါ်တွင်ရှိသဖြင့် ယာဉ်သွားလာမှုနှင့် ကုန်စည်စီးဆင်းမှုအတွက်အရေးပါသော တံတားတစ်စင်းဖြစ်သည့်အတွက် ကုန်တင်ယာဉ်ကြီးများ သွားလာနိုင်ရန်အတွက် တံတားခံနိုင်ဝန်အားကို လုံလောက်စေရေး တွက်ချက်ဆောင်ရွက်ရန်၊ လုပ်ငန်းစဉ်အဆင့်ဆင့်ကို စနစ်တကျဆောင်ရွက်ရန်၊ မှတ်တမ်းများထားရှိရန်၊ အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန် တို့ကိုမှာကြား၍ ယာယီဘေလီတံတားထိုးခြင်းအတွက် သံပေါင်များတပ်ဆင်နေမှုနှင့် ချဉ်းကပ်လမ်းအပိုင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆင်သေချောင်းတံတား(ပုပ္ပါးကုန်း)သို့ သွားရောက်၍ ပျက်စီးသွားသော တံတားထိပ်ခုံနှင့် လမ်းတာပေါင် နေရာကို ဘေလီတံတားထိုး၍ ယာယီပြင်ဆင်ဆောင်ရွက်ပြီးစီးသည့် အခြေအနေနှင့် အဆိုပါတံတားနှင့် ဆက်စပ်နေသော အခြားတံတား တစ်စင်းတို့အကြားရှိ လမ်းတာပေါင်ရေထိုးသဖြင့် ပျက်စီးနေသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဆင်သေချောင်းတံတား(ပုပ္ပါးကုန်း)နှင့် နီးကပ်လျက်ရှိသော တံတားတစ်စင်းတို့အကြားရှိ လမ်းတာပေါင်၏ကြံ့ခိုင်မှုကို ပြန်လည်စစ်ဆေးပြီးမှသာ အများပြည်သူ အသုံးပြုနိုင်ရေး ဖွင့်လှစ်ပေးရန်နှင့် ပြုပြင်ရန်လိုအပ်ပါက အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့အား ဆက်သွယ်ထားသောလမ်းပေါ်ရှိ ဆင်သေချောင်းတံတား(သိုက်ချောင်း)၏ တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းတို့သည် ရေတိုက်စားခြင်းကြောင့် ပျက်စီးနေသော နေရာများကို ယာယီဘေလီတံတားထိုးခြင်းဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိရာ အများပြည်သူများ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် အမြန်ပြီးစီးစေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**နေပြည်တော် စက်တင်ဘာ ၁၃**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးရေလျှံမှုကြောင့်ပုဗ္ဗသီရိမြို့နယ်အေးမြင့်သာယာတံတားနှင့် ပင်လောင်းလမ်း တစ်လျှောက် တင်ကျန်နေသည့် နုန်းမြေများ၊ သစ်ပင်သစ်ကိုင်းများနှင့် အမှိုက်သရိုက်များကို ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့်လုပ်သားများကစက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် အင်ပင်ကျေးရွာအုပ်စု ရေနီလေးကျေးရွာအနီး ကျေးရွာများမှ ရောက်ရှိလာသော ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး အာဟာရဖြစ် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် လယ်ဝေးမြို့နယ် ပျံချီကျေးရွာ သီရိပျံချီဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကာ ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်း ယာယီ တည်းခိုနေထိုင်ကြသည့် ရေဘေးသင့် ပြည်သူများနှင့်တွေ့ဆုံ အားပေးစကား ပြောကြားပြီး အာဟာရဖြစ် စားသောက်ဖွယ်ရာ များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဇီးကုန်းမြို့နယ်၌ ဂျီအီးစီ(ပညာရေး) သမဝါယမအသင်းလီမိတက်၏နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ဇီးကုန်း စက်တင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ဂျီအီးစီ(ပညာရေး) သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက အထက(ဇီးကုန်း) ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဦးရဲထွဋ်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းမြတ်ရွှေစင်က အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပရခြင်းရည်ရွယ်ချက်နှင့် သမဝါယမအသင်း ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းအမှုဆောင် တစ်ဦးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြပြီး အသင်းသားများအား အစုပေါ်အမြတ်ငွေကျပ် ၂၄ သိန်း ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ရာဂီမုန်တိုင်းနှင့်ဆက်စပ်၍ ရေဘေးများဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများအား ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး KBZ Pay QR Code နံပါတ် 70157401001 သို့ လည်းကောင်း၊ QR Code ကို Scan ဖတ်၍ လည်းကောင်း၊ Wave Money ဖြင့်လှူဒါန်းလိုပါက QR Code ကို Scan ဖတ်၍ လည်းကောင်း၊ ဖုန်းနံပါတ် (၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍ လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။










၃။ ထို့အပြင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့်လည်း လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသဖြင့် ထပ်မံအသိပေးကြေညာသွားမည် ဖြစ်ပါသည်။

၄။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account Transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၅။ နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ငွေစာရင်းအမှတ် (0111284000000063)ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE/BIC - MFTBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - 0111284000000063 သို့ လှူဒါန်းနိုင်ပါသည်။

၆။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ်(EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

( ခ ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

( ဂ ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE - MYEBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၇။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅<br>၀၉-၄၂၀၇၄၀၁၆၀ | ဦးအေးမင်းသူ ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

၈။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

( ခ ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

( ဂ ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅)လမ်း၊ ၃၄ x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ဆေးရုံ၊ တပ်ကုန်းမြို့နှင့် တပ်ကုန်းမြို့အတွင်း ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၃**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်သူ့ဆေးရုံ (တပ်ကုန်းမြို့)သို့ ရောက်ရှိပြီး ကျန်းမာရေး ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဆေးရုံအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ပြည်သူ့ဆေးရုံ၌ ပြင်ပလူနာဌာနသို့ လာရောက်ပြသသော လူနာများအား ကျန်းမာရေး စောင့်ရှောက်ပေးနေမှု၊ ရေဝင်ရောက်ခဲ့သော လူနာဆောင်များ၊ ခွဲစိတ်ခန်းများနှင့် ဆေးရုံသုံး စက်ပစ္စည်းများ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေ၊ မီး အမြန်ဆုံး ပြန်လည်ရရှိ၍ ဆေးရုံလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရေး ဆွေးနွေးမှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ ကျန်းမာရေးဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။



ထို့နောက် ယခင် ခုတင်(၅၀) ပြည်သူ့ဆေးရုံ အဆောင်ဟောင်းတွင် အတွင်းလူနာ ကြည့်ရှုကုသနေမှုအခြေအနေများကို ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် အထက(၁)၌ ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူ ၃၉၂၅ဦး၊ ငွေတောင်တောရကျောင်းရှိ ရေဘေးသင့်ပြည်သူ ၆၂၀ တို့အား ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက ရေဘေးရှောင်စခန်းများတွင် ဆေးဝါးနှင့် ဆေးပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ပေးနိုင်ရေး၊ ၂၄ နာရီ အချိန်ပြည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ သန့်စင်သည့်ရေကို သောက်သုံးနိုင်ရေး၊ သောက်ရေတင်မကဘဲ သုံးရေ လုံလောက်စွာရရှိရေးအတွက်လည်း စီစဉ်ဆောင်ရွက်စေရေး၊ ယင်လုံအိမ်သာ စနစ်တကျ သုံးစွဲနိုင်ရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ အစားအစာများကို သန့်ရှင်းစွာနှင့် ပူပူနွေးနွေး စားသုံးနိုင်ရေး၊ အမှိုက်များကို အဖုံးပါသည့် အမှိုက်ပုံးများတွင် စနစ်တကျ စွန့်ပစ်နိုင်ရေး၊ ကူးစက်ရောဂါများ ကာကွယ်ရေးအတွက် ကျန်းမာရေး အသိပညာပေးရေးနှင့် ဆေးရုံသို့ လွှဲပြောင်းကုသရန် လိုအပ်သည့် လူနာများကို အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်း ကုသနိုင်ရေးတို့ကို မှာကြားကာ Emergency Medical Kit များ၊ ရေသန့်ဆေးပြားများ၊ ဆေးဝါးများနှင့် ကျန်းမာရေး စောင့်ရှောက်မှု ပေးနေသော ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သံအမတ်ကြီး ဦးမျိုးမြင့်မောင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော်  စက်တင်ဘာ  ၁၄

နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမြင့်မောင်သည် ၎င်း၏ ခန့်အပ်လွှာကို စက်တင်ဘာ ၁၂ ရက်တွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကတ္တမန္ဒူးမြို့ရှိ သမ္မတရုံး၌ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ်ချန်ဒရာ ပေါ်ဒဲလ် ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်



# သံအမတ်ကြီး ဦးသစ်လင်းအုန်း အား ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော်  စက်တင်ဘာ  ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်း အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

# ဦးဇော်ဦး အား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော်  စက်တင်ဘာ  ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးဇော်ဦး အား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

# ဦးကျော်တင်ရှိန် အား အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော်  စက်တင်ဘာ  ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်ရှိန် အား အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ်ခန့်အပ်လိုက်ပြီးဖြစ်သည်။ သတင်းစဉ်

# ဝိုင်းဝန်းကျေပွန် သမိုင်းပေးတာဝန်

❖ အမျိုးသားရေး ၊ သမိုင်းပေးမို့
မနေးဝိုင်းကူ ၊ အလေးမူလျက်
ပြည်သူအားလုံး ပါဝင်လို့။
သန်းခေါင်စာရင်း ကောက်ကြစို့။

❖ နိုင်ငံတစ်ခု ၊ တိုးတက်မှုတွက်
လူမှုဘဝ ၊ အခြေကျသည့်
စံပြဆောင်ကြဉ်း ၊ လူစာရင်းကို
ရိုင်းပင်း ကူညီ ပါဝင်လို့။
သန်းခေါင်စာရင်း ကောက်ကြစို့။

❖ ခု ဆယ် ရာ ထောင် ၊ မလွတ်အောင်တွက်
သူ့ဘောင် ကိုယ့်တာ၊ ကျေပွန်စွာဖြင့်
ညီညာဖြဖြ ၊ တူတကွလျှင်
အစစကူညီ ပါဝင်လို့။
သန်းခေါင်စာရင်း ကောက်ကြစို့။

❖ ဒို့ နိုင်ငံမြတ် ၊ အနာဂတ်တွက်
သုံးသပ်မြော်မြင် ၊ ခေတ်နှင့်ယှဉ်ရန်
ပင်မစွမ်းအား ၊ ဒို့လူသားမို့
လှုပ်ရှားစုန်ဆန် ၊ စာရင်းမှန်အောင်
မြန်မာ ဒို့များ ၊ အလေးထားလျက်
ကြိုးစားပါဝင် ဆောင်ရွက်လို့။
သန်းခေါင်စာရင်းကောက်ကြစို့။ ။

မျိုးမြတ်မြတ်မြင့်မောင်

# မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်

နေပြည်တော် စက်တင်ဘာ ၁၃

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ မောင်တောမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၁၁၅ မိုင်ခန့်၊ စစ်တွေမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၁၆၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပတ်တု(အ)ခါလီမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၃၀ ခန့်၊ အိန္ဒိယနိုင်ငံ ကန်နင်းမြို့၏ အရှေ့ဘက် ရေမိုင် ၁၂၀ ခန့်နှင့် ကိုးလ်ကတ္တားမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၁၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။


မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် ည ၉ နာရီခွဲတွင် မြောက်လတ္တီကျု ၂၂ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၀ ဒသမ ၈ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်**


အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်ရှစ်နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ပတ်တု(အ)ခါလီမြို့အနီးမှဖြတ်ကျော်နိုင်ကာ နောက် ၄၈ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းဒေသများနှင့် အိန္ဒိယနိုင်ငံ




အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၁၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ကာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မိုးသည်းထန်ခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည်




တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၃**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး (၂/၂၀၂၄) ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**ကြွရောက်တော်မူ**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ ပါမောက္ခချုပ်ဆရာတော်များနှင့် သင်ကြား/စီမံဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ စန္ဒနသာရက "အနိစ္စာဝတ သင်္ခါရာ"နှင့် "ဝယဓမ္မာ သင်္ခါရာ" ဟူသော မြတ်ဗုဒ္ဓ၏မိန့်မှာချက်များကို အလေးအနက်ထားဆင်ခြင်ပြီး "အပ္ပမာဒေန သမ္ပာဒေထ" ဟူသော ပစ္ဆိမပါဝစန (နောက်ဆုံးမိန့်မှာချက်) ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓသာသနာတော်ကြီးနှင့် တွေ့ကြုံရသည့် အခွင့်ကောင်း အခါကောင်းကိုလည်း အပြည့်အဝအသုံးချနိုင်ကြပါစေကြောင်း အဖွင့်သြဝါဒကထာ မြွက်ကြားသည်။

**သာသနာရေးဆိုင်ရာများ လျှောက်ထား**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)ကို ဖွင့်လှစ်ခဲ့သည်မှာ ၃၈ နှစ်သို့ရောက်ရှိလာပြီ ဖြစ်ပါကြောင်း၊ သာသနတက္ကသီလ ဓမ္မာစရိယနှင့် သာသနတက္ကသီလ မဟာဓမ္မာစရိယ ဘွဲ့ရအရှင်မြတ်များအနေဖြင့် ပြည်တွင်း၊ ပြည်ပနှစ်ဌာနတို့၌ သာသနာပြုလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နေကြသည်ကို တွေ့ရှိနေရပါကြောင်း၊ အနာဂတ်သာသနာတော် ရေရှည်တည်တံ့ ထွန်းကားပြန့်ပွားရေးအတွက် ခေတ်မီသာသနာပြုလုပ်ငန်းများကို လုပ်ဆောင်နိုင်မည့် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ နိုင်ငံတော်တွင် ပေါ်ထွက်လာခဲ့ပြီဖြစ်ပါကြောင်း၊ မြတ်ဗုဒ္ဓဒေသနာတော်များ မြဲမြံရှည်ခံ့တည်တံ့စေရန် ဘက်စုံထောင့်စုံပုဂ္ဂိုလ်အသီးသီး၊ အဖွဲ့အစည်းအသီးသီးတို့ဖြင့် ကျရာလုပ်ငန်းကဏ္ဍအလိုက် အားဖြည့်ထောက်ပံ့လှူဒါန်းနိုင်ရေး စွမ်းနိုင်သမျှ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၄) ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တက္ကသိုလ်များ ဗဟိုပညာရေးအဖွဲ့အစည်းအဝေး (၂/၂၀၂၄) တင်ပြချက်များကိုလည်းကောင်း လျှောက်ထားသည်။

**ချမှတ်အတည်ပြု**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ဆရာတော်များနှင့် ပညာရှင်လူပုဂ္ဂိုလ်များက တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၂/၂၀၂၄) နှင့်ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေး၍ ဆုံးဖြတ်ချက် ခုနစ်ရပ်ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိဆရာတော်က နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားသည်။

ထို့နောက် အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး ဒုတိယဝန်ကြီးက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမကောလိပ်(ဖောင်ကြီး)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သမဝါယမကောလိပ်(ဖောင်ကြီး)၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ စာပေသင်ကြားရေး၊ ဝန်ထမ်းသက်သာချောင်ချိရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များမှာကြားပြီး ဆရာ ဆရာမများ၏တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ယန္တရားအခြေစိုက်ရုံး (အောက်မြန်မာပြည်)၌ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ သမဝါယမဦးစီးဌာနနှင့် အသင်းစုချုပ်များအနေဖြင့် နွေစပါးစိုက်ပျိုးရာသီတွင် သမဝါယမအသင်းများက စိုက်ပျိုးထားသော စိုက်ဧကအားလုံးအတွက် မျိုးနှင့် သွင်းအားစုဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာများ အချိန်မီကူညီပံ့ပိုးပေးရေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ အောက်မြန်မာပြည်လုပ်ငန်းသုံးယာဉ်၊ ယန္တရားများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သို့ သွားရောက်ကာ ကျောင်းအုပ်ကြီး၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းငါးကျောင်းတွင် ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်သင်ကြားပေးမည်ဖြစ်၍ သင်ကြားမှု နည်းစနစ်များနှင့် လိုအပ်သည်များ မေးမြန်းဆွေးနွေးသည်။

ယင်းနောက် အဆိုပါဒီဂရီကောလိပ်၌ တက်ရောက် ပညာသင်ယူနေသော ဝန်ထမ်းသားသမီးများ၊ လေးမျက်နှာမြို့နယ်မှ ကျောင်းသား ကျောင်းသူများ၊ ရခိုင်ပြည်နယ် မိုခါမုန်တိုင်းသင့်ကာလတွင် သွားရောက်ကူညီလုပ်ကိုင်ရင်း ကွယ်လွန်ခဲ့သည့် မြန်မာ့သစ်လုပ်ငန်းမှ လွှဝိုင်းဆရာ ဦးဇော်လတ်၏ သမီး ပထမနှစ်ကျောင်းသူ မချိုသဲဦးတို့နှင့်တွေ့ဆုံ၍ ရည်မှန်းချက်အောင်မြင်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၃**

နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသော အားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းသည်။



စုပေါင်း သွေးလှူဒါန်းပွဲတွင် အမှတ် (၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့နှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ ရဲအုပ်မင်းသန့်ဦးစီးသည့် အရာရှိ/အခြားအဆင့်တပ်ဖွဲ့ဝင်၊ မိသားစုဝင် ၁၀၂ ဦးက စုပေါင်းသွေးလှူဒါန်းကြရာ ခေတ္တကွပ်ကဲရေးမှူး ရဲမှူးကြီး မိုးညို၊ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့်၊ ဦးစီးအရာရှိများ၊ မန္တလေးမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာ လှဋ္ဌေးမင်း၊ တွဲဖက်ဆေးရုံအုပ် ဒေါက်တာ စန်းမာ၊ အထူးကု ရောဂါဗေဒဆရာဝန် ဒေါက်တာစုလှိုင်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ စုပေါင်းသွေးလှူဒါန်းကြသည့် တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်စာနှင့် အားဆေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**၂၂**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့) ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

# စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေးဆီသို့

ဒေါက်တာမောင်သင်း

(ယမန်နေ့မှအဆက်)



### မြန်မာ့စာတတ်မြောက်မှုအစ မိတ္ထီလာခရိုင်က

မြန်မာ့စာတတ်မြောက်မှုအစ မိတ္ထီလာကဆိုတာ သိကြသလားဟု မေးရာ သိပါသည်တဲ့။ မြန်မာ့စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုသည် ကမ္ဘာ့စာမတတ်သူပပျောက်ရေးဆောင်ရွက်မှုထက် နှစ်နှစ်စောသည်ကို သိပါသလား။ တကယ်တော့ "အ"သုံးလုံးကျေလုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာပြည်၌ မိတ္ထီလာက (၅)ကြိမ် "ပထမ"ဆွတ်ခူးခဲ့တာကိုရော သိကြလားဆိုတော့ အသံတိတ်သွားကြသည်။ တကယ်မသိတာလားဆိုတော့မှ "မသိပါ"တဲ့။

(က) ပထမဆုံး မြန်မာ့ "အ"သုံးလုံးကျေသင်တန်းကို မိတ္ထီလာသား ဆရာလောင်းလေးဦးဖြင့် အစပြုခဲ့တာပါ။ ၁၉၆၄ ခုနှစ်ကပါ။ နောင်နှစ်နှစ်ကြာ ၁၉၆၆ ခုနှစ်ကျမှ စာမတတ်သူပပျောက်ရေးနေ့ကို ယူနက်စကိုကသတ်မှတ်ပြီး ဆောင်ရွက်တာပါ။ ဒါကြောင့် မိတ္ထီလာက နိုင်ငံတကာထက် နှစ်နှစ်စောတယ်လို့ ဆိုရပါလိမ့်မည်။ ယင်းလေးဦးမှာ-

(၁) မောင်သန်းရှိန် (အလယ်တန်းဆရာဖြစ်သင်တန်းသား)

(၂) မူလတန်းဆရာဖြစ်သင်တန်းမှ သုံးဦး

(က) မောင်စန်းမောင်

(ခ) မောင်အောင်သန်း

(ဂ) မောင်သိန်းတို့ ဖြစ်ကြပါသည်။ အဆိုပါဆရာလောင်းလေးဦးသည် မြို့နယ်မှ တာဝန်ရှိသူ လူကြီးများနှင့်တွေ့ဆုံ၍ အစီအစဉ်ကိုရှင်းပြပြီး တာဝန်ရှိသူများနှင့် မြို့မိ၊ မြို့ဖ၊ ရပ်မိ၊ ရပ်ဖတို့၏ အကူအညီဖြင့် "သဖန်းစံပြကျေးရွာ"တွင် မြန်မာနိုင်ငံ၏ "အ"သုံးလုံးကျေသင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

(ခ) **"အ"သုံးလုံး "မျက်ဖွင့်သင်တန်း"အစ သဖန်းစံပြကျေးရွာက**

"မျက်ဖွင့်သင်တန်း"ဆိုသည့် ဝေါဟာရကို တစ်လောကကွယ်လွန်သွားသည့် ဆရာကြီး ဒေါက်တာသန်းဦး (အတွင်းရေးမှူး၊ "အ"သုံးလုံးကျေသင်တန်း ကြီးကြပ်ညှိနှိုင်းဗဟိုကော်မတီ)က ရှင်းပြခဲ့ပါသည်။ ရှေးယခင်က ပညာရေးလုပ်ငန်းများကို အစိုးရ၏ပညာရေးဌာနကသာ ဦးစီးဆောင်ရွက်ခဲ့ပြီး ပြည်သူများပါဝင်ခြင်းမရှိပေ။ ယခု "သဖန်းစံပြ" ကျေးရွာတွင်ပြုလုပ်သည့် "အ"သုံးလုံးသင်တန်းသည် "ပြည်သူပူးပေါင်းပါဝင်မှု" ဖြင့် အကောင်အထည်ဖော်သည့်လုပ်ငန်းဖြစ်သဖြင့် "တစ်တိုင်းပြည်လုံးရှိ ပြည်သူများကိုငါတို့လည်းပါဝင်နိုင်ကြောင်း အသိပေးကာ ပြည်သူ့အမြင်ကို ဖွင့်ပေးလိုက်ခြင်းဖြစ်၍ **"မျက်ဖွင့်သင်တန်း"**ဟု သုံးစွဲရခြင်းဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ ထိုမျက်ဖွင့်သင်တန်းတွင် သင်တန်းသား ၂၀၀ ရှိ၍ ဖွင့်ပွဲသို့ ရွာနီးချုပ်စပ်မှ တစ်ထောင်ခန့် တက်ရောက်ခဲ့သည်။

(ဂ) **ဝ၊ ထ၊ က၊ လ၊ သ သင်နည်းသစ်အစ သဖန်းကျေးရွာက**

မိတ္ထီလာသားဆရာလောင်းလေးဦး၏ ဆရာမှာ ဦးသံဗျင်ဖြစ်ပါသည်။ ဆရာကြီးက "သက်ကြီးတွေဆိုတာ စားဝတ်နေရေးအတွက် အချိန်ပေးနေရတာ ကလေးတွေလို သမားရိုးကျသင်၍မဖြစ်နိုင်၊ သင်ကြားချိန်ကြာလျှင် အတန်းပျက်နိုင်၏။ ၁၅ မိနစ်အတွင်း "ဝ၊ ထ၊ က၊ လ၊ သ" ဗျည်းငါးလုံးရေးသားနည်းကို အရင်သင်၏။ ပြီးနောက် အသံထွက်ရာတွင်လည်း "ဝ"လုံးအစား "ဝ"ဟုသာ အသံထွက်စေရမည်။ ထို့အတူ ထဆင့်ထူးအစား "ထ"ဟု၊ ကကြီးအစား "က"ဟုသာ အသံထွက်စေ၏။ ခဏအတွင်းမှာ ဗျည်းငါးလုံးကို ရေးနိုင်သလို အသံလည်းထွက်တတ်လာ၏။ ပြီးနောက် ထိုငါးလုံးကို ရေးချ (-ာ)သရနှင့်တွဲ၍ ဝါ၊ ထာ၊ ကာ၊ လာ၊ သာဟု ရေးတတ်လာသည်။ ပြီးလျှင် တစ်ဆင့်တက်ကာ အား(-ား)သရနှင့် တွဲရေးတတ်၊ အသံထွက်ဖတ်စေရပါမည်။ ထိုအခါ ဝါး၊ ထား၊ ကား၊ လား၊ သားစသည်ဖြင့်ရေးတတ်လာသည်။ ယင်းနောက်စကားလုံးဖြစ်အောင်

လသာသာ

က သလား

ဝ သလား

သားသားထ - - - စသည်ဖြင့် နေ့ချင်းဖတ်နိုင်အောင် သင်ပေးကြသည်။ နေ့စဉ် တစ်နာရီသင်၊ တစ်နာရီလေ့ကျင့်၍ နာရီ ၈၀ သင်ကြား၏။ ဆရာလောင်းလေးဦးက တစ်လသင်ပြီးသောအခါ လူ ၁၀၀ ခန့် စာရေးတတ်၊ ဖတ်တတ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

(ဃ) **ပထမဆုံး စာတတ်မြောက်မှုစစ်တမ်းအစ မိတ္ထီလာက**

နိုင်ငံတစ်ဝန်းလုံးတွင် "အ" သုံးလုံးကျေသင်တန်းအောင်မြင်ရန်အတွက် စာတတ်မြောက်မှုစစ်တမ်းကို ၁၉၆၉ ခုနှစ်တွင် ကောက်ယူခဲ့ပါသည်။ ကောက်ယူရာတွင် အသက်(၁၀)နှစ်အောက်နှင့် (၁၀) နှစ်အထက်ဟူ၍ အသက်ခွဲခြားကာ

(က) ဗျည်း(၃၃)လုံး ရေးတတ် ဖတ်တတ်သူများ

(ခ) ဗျည်း (၃၃)လုံးနှင့် သရ(၁၂)လုံး ရေးတတ် ဖတ်တတ်သူများ

(ဂ) စာလုံးဝမရေးတတ်၊ မဖတ်တတ်သူများဟူ၍ ဖြစ်ပါသည်။ ဤသို့ကောက်ယူမှုကို အခြေခံ၍ သင်တန်းဖွင့်လှစ်ရာတွင်(က)(ခ)(ဂ)အုပ်စုခွဲ၍ သင်ကြားပေးနိုင်သဖြင့် "စာတတ်မြောက်မှုနှုန်း" လျင်မြန်ခဲ့သည်။ ၁၉၅၃-၅၄ သန်းခေါင်စာရင်းအရ မိတ္ထီလာခရိုင်တွင် စာမတတ်သူ ၃၆ ဒသမ ၇ ရာခိုင်နှုန်းရှိရာမှ နောင် ၁၀ နှစ်ကျော် ယခုစစ်တမ်းတွင် ၄၇ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာပြီး ထိုအထဲတွင် အသက် (၅) နှစ်နှင့် (၁၀) နှစ်ကြားအရွယ် စာမတတ်သူများမှာ ၇၅ ဒသမ ၃၉ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် အလွန်စိုးရိမ်ရသည့်အခြေအနေဖြစ်ကြောင်း တာဝန်ရှိသူများ သတိပြုမိကြသည်။ ထိုအချက်များကြောင့် စာမတတ်သူပပျောက်ရေး ရှေ့ပြေးစမ်းသပ်ခရိုင်အဖြစ် မိတ္ထီလာခရိုင်ကို ရွေးချယ်ခဲ့သည်။

(င) **ပထမဆုံးခရိုင်လုံးကျွတ် စာတတ်မြောက်မှုအောင်ပွဲအစ မိတ္ထီလာခရိုင်က**

စမ်းသပ်ခရိုင် မိတ္ထီလာတွင် နှစ်လုံးပေါက် "အ"သုံးလုံးကျေအခြေစိုက်စခန်းများ ကြပ်မတ်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ခရိုင်လုံးကျွတ်စာတတ်မြောက်ခဲ့သည်။ ၁၉၇၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ခရိုင်လုံးကျွတ်စာတတ်မြောက်မှုအောင်ပွဲကို မိတ္ထီလာမြို့နယ် ညောင်ကိုင်းကျေးရွာတွင် ကျင်းပနိုင်ခဲ့သည်။ ခရိုင်အတွင်းရှိ ကျေးရွာများမှ လူထုရှစ်သောင်းခန့် တက်ရောက်ခဲ့သည်။

ညောင်ကိုင်းရွာမှအောင်ပွဲသည် ရပ်တန့်မသွားခဲ့ပေ။ နှစ်လကျော်အကြာတွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ ခရီးဆက်ခဲ့သည်။ မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် ယူနက်စကိုကချီးမြှင့်သော "မိုဟာမတ်ရေဇာပါလာဗီ" ဆုကို အတွင်းရေးမှူး ဦးသန်းဦးက သွားရောက်ယူခဲ့သည်။ ယင်းနောက် ၂၉၇ မြို့နယ်အထိ တိုးချဲ့ခဲ့ရာ ၁၉၈၈ ခုနှစ်ရောက်သောအခါ စာတတ်မြောက်သူ ၉၂ ရာခိုင်နှုန်းရှိခဲ့သည်။ စစ်ပြီးခေတ် ၃၅ ရာခိုင်နှုန်းခန့်ရှိခဲ့ရာမှ နှစ် ၄၀ အကြာ ၉၂ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ မိတ္ထီလာသားဆရာလေးဦးမှ အစပြုခဲ့သော စာတတ်မြောက်ရေးလှုပ်ရှားမှုကြောင့် မြန်မာနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသတွင် စာတတ်မြောက်မှုနှုန်းမြင့်မားသည့် (က)အုပ်စုဝင်နိုင်ငံ ဖြစ်လာသည်။ ကျောင်းသား ကျောင်းသူများကို တို့မိတ္ထီလာရဲ့ "ပထမ" ငါးကြိမ်ရသည့်အကြောင်းတွေကော သိကြသလားဟု မေးရာ မဖြေကြပေ။ သို့ဖြစ်၍ ကျွန်တော်ကရော မိတ္ထီလာသားမဟုတ်ဘဲနဲ့ ဘာလို့သိသလဲဆိုတော့ "စာဖတ်လို့" ပါတဲ့။ ကိုယ့်နယ်၊ ကိုယ့်ဒေသအကြောင်း တခြားဒေသကလူကသိတာရော ဘာကြောင့်ပါလဲ "စာဖတ်လို့ပါ" ပဲတဲ့။ သူများပြောမှ ကိုယ့်အကြောင်းသိတာထက်၊ ကိုယ့်ဘာသာကိုယ် ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသအကြောင်းသိနေအောင် စာများများဖတ်ပေးကြပါ။

စာမျက်နှာ ၁၂ သို့ ☆

**"ယခု ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားမျိုးစုံပညာရေးကို မြှင့်တင်စို့" တွင်ပါဝင်သည့် "အပြန်အလှန်နားလည်မှု" ဆိုသည်ကို "စာဖတ်တတ်ရုံအဆင့်" ဖြင့် မရနိုင်သေးကြောင်း၊ စာဖတ်တတ်ပြီးလျှင် စာဖတ်နာသူဘဝထိ ဆက်လက်တက်လှမ်းရပါလိမ့်မည်။ စာဖတ်၍ ဖြည့်ဆည်းသက်များလာမှ အသိဉာဏ်ကြွယ်ဝလာကာ ရင့်ကျက်သက် ရလာသည့်လူသား၊ ဉာဏ်ရည်မြင့်သည့်လူသား ဖြစ်လာပေလိမ့်မည်။ သို့မှသာ သူ့ဘက်၊ ကိုယ့်ဘက် ကြည့်တတ်၊ မြင်တတ်၊ တွေးတတ်၊ စာနာတတ်ပြီး ကိုယ်ချင်းစာနာတတ်သူဖြစ်လာကြမှာ။ ထိုသို့ ရင့်ကျက်သက်ကို ပိုင်ဆိုင်သည့်လူသားသည် ငြိမ်းချမ်းမှုကို မြတ်နိုးခုံမင်စောင့်ရှောက်သူဖြစ်လာပေမည်။ ငြိမ်းချမ်းရေးကို မြတ်နိုးသည့် လူ့အဖွဲ့အစည်းတွင် ဖွံ့ဖြိုးမှု၊ တိုးတက်မှုတို့သည်လည်း ကျွဲကူးရေပါဆိုသလို ပေါ်ထွန်းလာပါလိမ့်မည်"**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



နေပြည်တော် စက်တင်ဘာ ၁၃

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့တို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကိုရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ထို့အပြင် ကယားပြည်နယ် လွိုင်ကော်မြို့ တပ်မတော်ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထောက်ပံ့ချီးမြှင့်သော အဝတ်အထည်များကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ ဆေးရုံမှ တာဝန်ရှိသူ တစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

☆ စာမျက်နှာ ၁၁ မှ

## စာတတ်မြောက်မှုမှသည် စာဖတ်ရှိန်မြှင့်မားရေးဆီသို့

တကယ်တော့ "အသုံးလုံးကျေသင်တန်း"သည် စာတတ်ရန် သင်ပေးရုံသက်သက်အဆင့်တွင် အဆုံးမသတ်သေးပါ။ ထိုစဉ်ကစာကို စတင်တတ်မြောက်သူများသည် အသက်ကြီးသူများဖြစ်၍ စာကို ဖတ်တတ်ရုံတတ်ပြီး ဆက်လက်မဖတ်ကြဘဲ နေသွားကြလျှင် မေ့သွားပြီး **"စာမတတ်သူများဘဝ ပြန်လည်၍ ရောက်ရှိသွားနိုင်သည်"** ဟူသောအချက်ကို ကြိုတင်မြင်ခဲ့ကြပါသည်။ သို့ဖြစ်၍ "အ"သုံးလုံး သင်တန်းပြီးလျှင် **"စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်း"** ကို ဆက်လက်အကောင်အထည်ဖော်ခဲ့ကြပါသည်။ ထို့အတွက် စာဖတ်ဝိုင်းများ ဖွဲ့စည်းစာဖတ်စေခဲ့ပါသည်။ သက်ကြီးစာတတ်သူများအတွက်လည်း သက်ကြီးဖတ်စာများ၊ စာပဒေသာများနှင့် လုံးချင်းစာစဉ်ထုတ်ဝေပေးခဲ့ပါသည်။ ဤကဲ့သို့ထုတ်ဝေနိုင်မှုကြောင့် ၁၉၈၄ ခုနှစ်တွင် ယူနက်စကိုမှပင် မြန်မာနိုင်ငံအား "နိုမာဆု" (The Norma Prize) ကို ထပ်မံချီးမြှင့်ခြင်းခံရပါသည်။

အဆိုပါ "အ"သုံးလုံးကျေသင်တန်းမှ စာပေတတ်မြောက်သွားသူများသည် စာတတ်မြောက်ရေးလုပ်ငန်း၏ နောက်ဆက်တွဲလုပ်ငန်းဖြစ်သည့် "စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်း"ကြောင့် စာဖတ်ဝါသနာပါလာကြကာ စာများများဖတ်ရာမှ အမြင်ကျယ်လာ သဖြင့် မိသားစုစီးပွားရေးကို ပိုမိုချဲ့ထွင်လာနိုင်ကြောင်းနှင့် ရပ်ရေးရွာရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပိုမိုပါဝင်လှုပ်ရှားလာနိုင်ကြောင်း "အ"သုံးလုံးသင်တန်းဆင်းများအား လေ့လာချက်စစ်တမ်းတစ်ခုတွင် တွေ့ရှိရပေသည်။

## စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူများလုံးဝပပျောက်ရေးသို့

ကျွန်တော်သည် ကျောင်းသား ကျောင်းသူများအား ဒါဆိုရင် မြန်မာ့စာမတတ်သူပပျောက်ရေးအစ မိတ္ထီလာကလို့ ဆိုခဲ့ပြီးပြီ။ ဘာလို့အောင်မြင်ခဲ့သလဲသိလား မဖြေကြပါ။ မိတ္ထီလာနယ်သူ နယ်သားတွေရဲ့ လူတိုင်းစာတတ်စေချင်တဲ့ စေတနာကြောင့် "အ"သုံးလုံးကျေသင်တန်းမှာ ပူးပေါင်းပါဝင်လို့ပါ။ နိုင်ငံတော်ကတော့ **"ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှု"**တဲ့။ မိတ္ထီလာခရိုင်ကို ၁၉၆၉ ခုနှစ်တွင် စာတတ်မြောက်မှု စစ်တမ်းကောက်ယူရန် ရွေးချယ်ရတဲ့အကြောင်းရင်းထဲမှာလည်း ၁၉၆၄ ခုနှစ်က ဆရာလေးယောက်ဖြင့် စတင်ဖွင့်လှစ်ပြီး တစ်လအတွင်းမှာ လူ ၁၀၀ စာတတ်မြောက်ရတဲ့အကြောင်းရင်းက "ဒေသခံတွေရဲ့ ထက်သန်တဲ့အားပေးမှုနဲ့ ပူးပေါင်းပါဝင်လို့"တဲ့။ "ကိုယ့်ဒေသသားတွေ စာတတ်စေချင်၍ ထီလာသားတွေ ပူးပေါင်းခဲ့လို့"တဲ့။

အဲဒီဒေသခံပြည်သူတွေ ပူးပေါင်းပါဝင်အကောင်အထည်ဖော်မှုနည်းဟာ မိတ္ထီလာမှသည် ကမ္ဘာပတ်ခဲ့တာရော သိကြရဲ့လားဆိုတော့ မဖြေကြပါ။ စာတတ်မြောက်ရေးမှာ ထီလာသားတွေ ပူးပေါင်းပါဝင်မှုကို ပြလိုက်တော့ အစိုးရ၏ လုပ်ဆောင်ချက်အောင်မြင်ချင်လျှင် "ပြည်သူပူးပေါင်းပါဝင်မှု" (Social mobilization) သည် အဓိကဆိုတာ သတိပြုမိပြီး တစ်တိုင်းပြည်လုံး ဒီနည်းသုံးပြီး အကောင်အထည်ဖော်လိုက်တာ ၁၉၈၈ ခုနှစ်မှာ ၂၉၇ မြို့နယ်လုံးကျွတ် (တစ်တိုင်းပြည်လုံး ၉၂ ရာခိုင်နှုန်းကျော်) စာတတ်မြောက်ခဲ့လို့ အာရှပစိဖိတ်ဒေသမှာ စာတတ်မြောက်မှုအမြင့်ဆုံး (က)အဆင့်ရခဲ့တာကို ပြောခဲ့ပြီးပါပြီ။ အဲဒီ "ပြည်သူလူထုပူးပေါင်းပါဝင်မှု" နည်းလမ်းကို ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာညီညီ (ယခင်က "အ"သုံးလုံးသင်တန်းကြီးကြပ်ညှိနှိုင်းမှုဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ) က "တစ်နှစ်အောက်ကမ္ဘာ့ကလေးများ ကာကွယ်ဆေးထိုးလုပ်ငန်းမှာ" အသုံးချခဲ့သည်။

ထိုနည်းကိုသုံး၍ ၁၉၈၄ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်ရောက်သောအခါ "တစ်နှစ်အောက်ကမ္ဘာ့ကလေးများ ၈၀ ရာခိုင်နှုန်းကျော် ကာကွယ်ဆေးခြောက်မျိုးထိုးနိုင်ခဲ့သည်။ ၁၉၈၄ ခုနှစ်မတိုင်မီက တစ်နှစ်အောက်ကလေးများ ကမ္ဘာတစ်လွှားတွင် ၁၅ ရာခိုင်နှုန်းသာ ကာကွယ်ဆေးထိုးနိုင်သဖြင့် အသေအပျောက်နှုန်းများခဲ့သည်။ ကမ္ဘာ့ကလေးများ အသက်ရှင်နှုန်းမြင့်တက်လာခဲ့သည်။ ထီလာမြေတွင် ထီလာသား ဆရာလောင်းလေးဦးဖြင့် သူတို့ဆရာ ပညာရေးအထူးအရာရှိ ဦးသံဗျင်မြေစမ်းခရမ်းပျိုးအောင်မြင်မှု၏ အသီးအပွင့်ကြောင့် မြန်မာ့စာတတ်မြောက်မှုနှုန်းမြင့်မားလာခဲ့ရုံသာမဟုတ် ကမ္ဘာ့ကလေးများ၏ အသက်ရှင်နှုန်းပါ မြင့်တက်စေမှုကိုလည်း စွမ်းဆောင်ခဲ့ပေသည်။

ကျွန်တော်က မြန်မာပြည်မှာ "အ"သုံးလုံးကျေသင်တန်းတုန်းက ပထမ ငါးကြိမ်ရခဲ့သည့်လုပ်ငန်းထဲမှ **"မြန်မာ့စာမတတ်သူပပျောက်ရေးအစ မိတ္ထီလာက"**ကို တို့ရဲ့မိတ္ထီလာသား လူကြီးတွေက သူတို့ခေတ်၊ သူတို့အခါမှာ ခေတ်ကပေးအပ်လာတဲ့ သမိုင်းပေးတာဝန်ကို ကျေခဲ့ပြီးပါပြီ၊ ကမ္ဘာသိအောင် သမိုင်းမော်ကွန်းလည်းထိုးခဲ့ကြပြီးပြီ။ "အခုမောင်တို့ မယ်တို့ခေတ်မှာရော မော်ကွန်းမထိုးချင်ကြဘူးလား"ဟု မေးရာ "မော်ကွန်းထိုးချင်ကြပါတယ်"တဲ့။ ဒါဆို "အ" သုံးလုံးရဲ့အဆက်လည်းဖြစ်ပြီး "စာဖတ်ရှိန်မြှင့်တင်ရေး" အလုပ်ဖြစ်သည့် "စာမဖတ်သူပပျောက်ရေးအစ မိတ္ထီလာက" လို့ဖြစ်သွားအောင် "ပိုသာပိုတော်သည့်နောက်မျိုးဆက်တွေအဖြစ်" သမိုင်းဆက်ရေးကြမလားဟုမေးရာ ရေးကြပါမည်ဟုဖြေပါသည်။ ထီလာသားများသမိုင်း ငါတို့ခေတ်ကြမှ မရိုင်းရလေအောင် ဆက်ရေးကြမယ်။ အောင်မြင်အောင်လုပ်ကြမလားဟုမေးရာ "လုပ်ပါမည်"ဟု အော်ဖြေကြပါသည်။

## စာဖတ်ရှိန်မြှင့်တင်ရေးဆိုတာ စာတတ်မြောက်ရေး၏ နောက်ဆက်တွဲလုပ်ငန်းပါ

တကယ်တော့ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်မှုသည် စာတတ်မြောက်ရေးလုပ်ငန်း၏ နောက်ဆက်တွဲလုပ်ငန်းဖြစ်ကြောင်း ရှေ့တွင်ဖော်ပြခဲ့ပါသည်။ ဤသည်ကို နိုင်ငံတော်အကြီးအကဲများက သိ၍ အကောင်အထည်ဖော်နေခြင်းဖြစ်ပါသည်။ လူသားသည် "စာတတ်" ရုံဖြင့်မပြီးသေးပါ။ စာတတ်ပြီးနောက် ဆက်လက်လေ့လာဆည်းပူးရန်၊ လူသားပီသစွာ "ဖြည့်ဆည်းသက်"၊ "ရင့်ကျက်သက်" တို့ဖြင့် တိရစ္ဆာန်နှင့်မတူအောင်၊ ကွဲပြားခြားနားစွာ အသက်ရှင်နိုင်ရန် "တစ်သက်တာစာဖတ်ခြင်းအလုပ်" ကို လုပ်နေရပါမည်။

သို့မှသာ ယခု ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ပုဒ်ဖြစ်သည့် **"အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားမျိုးစုံပညာရေးကို မြှင့်တင်စို့"** တွင်ပါဝင်သည့် "အပြန်အလှန်နားလည်မှု" ဆိုသည်ကို "စာဖတ်တတ်ရုံအဆင့်"ဖြင့် မရနိုင်သေးကြောင်း၊ စာဖတ်တတ်ပြီးလျှင် စာဖတ်နာသူဘဝထိ ဆက်လက်တက်လှမ်းရပါလိမ့်မည်။ စာဖတ်၍ ဖြည့်ဆည်းသက်များလာမှ အသိဉာဏ်ကြွယ်ဝလာကာ ရင့်ကျက်သက်ရလာသည့်လူသား၊ ဉာဏ်ရည်မြင့်သည့်လူသား ဖြစ်လာပေလိမ့်မည်။ သို့မှသာ သူ့ဘက်၊ ကိုယ့်ဘက် ကြည့်တတ်၊ မြင်တတ်၊ တွေးတတ်၊ စာနာတတ်ပြီး ကိုယ်ချင်းစာနာတတ်သူဖြစ်လာကြမှာ။ ထိုသို့ ရင့်ကျက်သက်ကို ပိုင်ဆိုင်သည့်လူသားသည် ငြိမ်းချမ်းမှုကို မြတ်နိုးခုံမင်စောင့်ရှောက်သူဖြစ်လာပေမည်။ ငြိမ်းချမ်းရေးကို မြတ်နိုးသည့် လူ့အဖွဲ့အစည်းတွင် ဖွံ့ဖြိုးမှု၊ တိုးတက်မှုတို့သည်လည်း ကျွဲကူးရေပါဆိုသလို ပေါ်ထွန်းလာပါလိမ့်မည်။

သို့ဖြစ်၍ ငြိမ်းချမ်းသည့်လူ့အဖွဲ့အစည်းအမြဲရှိနေရန် စာဖတ်တတ်ဖို့ အခြေခံအကျဆုံးဖြစ်ပြီး ဆက်လက်၍ မိမိကိုယ်ကို ဖြည့်ဆည်းသည့် စာဖတ်နာပြီး "ရင့်ကျက်သက်ရှိလာမှု" က ပဓာနကျကာ လူသားတစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်နားလည်မှုကို ဖြစ်ထွန်းစေပါသည်။ ဤသို့ဆိုလျှင် လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်း၊ နိုင်ငံတော်သည်လည်း ဖွံ့ဖြိုးလာပါလိမ့်မည်။ ဤသည်ကို ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် (ငြိမ်း) ဦးသန့်က **"စာဖတ်သည့်လူမျိုးသည် တိုးတက်၍၊ တိုးတက်သောလူမျိုးတိုင်းသည် စာဖတ်ကြသည်"** နှင့် **"စာဖတ်တာအမြင့်ကိုပျံသန်းချင်လို့ တောင်ပံတပ်တာပါ"** တဲ့။ စာမတတ်၊ ပေမတတ်ဘဲ အမြင့်ကို တက်ချင်၍မရပါ။ စာတတ်ပေတတ်၊ စာဖတ်မှုကို ဝါသနာထုံကြပြီး အပြန်အလှန်နားလည်နိုင်ကြ၊ ငြိမ်းချမ်းမှုကိုမြတ်နိုးကြဟု ဦးသန့်က တိုက်တွန်းခဲ့ဟန် တူပေသည်။

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် "စာဖတ်တတ်လျှင်ပြီးပြီ" ဟု မှတ်ယူကြကာ ထိုအဆင့်လောက်သာ အကောင်အထည်ဖော်နေကြသည်။ စာတတ်မြောက်ရေးလုပ်ငန်း၏ နောက်ဆက်တွဲလုပ်ငန်းဖြစ်သည့် "စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်း" ကို ဆောင်ရွက်မှုအားနည်းနေကြောင်း နှစ်စဉ် ကမ္ဘာ့ပညာရေးအစီရင်ခံစာများတွင် တွေ့ရပေသည်။ ကျွန်တော်တို့နိုင်ငံကား အဆိုပါလုပ်ငန်းနှင့် အစဉ်အလာကောင်းရှိခဲ့၏။ စာတတ်မြောက်ပြီးသူများအတွက် "စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်" နှင့် "စာဖတ်ဝိုင်းများ" ဖွဲ့စည်းကာ ဆောင်ရွက်ခဲ့ပါသည်။ စာကြည့်တိုက်ဖွံ့ဖြိုးအောင်လည်း ဆောင်ရွက်ခဲ့ပေသည်။

သို့အတွက် ၁၉၈၄ ခုနှစ်တွင် ယူနက်စကိုက ချီးမြှင့်သည့် "နိုမာဆု" ပင် ထပ်မံရရှိခဲ့သေးသည်။ ထိုကောင်းမြတ်သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းသည့်လုပ်ငန်းအဖြစ် ယနေ့"စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း" ကိုလည်း အရှိန်အဟုန်ဖြင့် နိုင်ငံအနှံ့ ဆောင်ရွက်နေပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် "ပြည်သူလူထုပူးပေါင်းပါဝင်မှု" "Social Mobilization" နည်းလမ်းကိုသုံး၍ "စမ်းသပ်ခရိုင်"မှသည် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားလျှင် "နိုင်ငံသားအားလုံး စာတတ်သူဘဝမှ စာမဖတ်သူလည်းပပျောက်သည့် နိုင်ငံဘဝကို ရောက်ရှိနိုင်မည်"ဟု မြင်မိပါသည်။

ထိုအခါ ပညာတတ်နိုင်ငံတော်ဘဝ (Educated Nation) သို့ ရောက်ရှိပြီး နိုင်ငံသည်လည်း အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ကျွဲကူးရေပါရောက်ရှိပါလိမ့်မည်ဟု ယုံကြည်ပါကြောင်းနှင့် ယနေ့ နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသော "စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်သည် **"စာတတ်မြောက်ရေးလုပ်ငန်း၏ နောက်ဆက်တွဲလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်နေခြင်းသာဖြစ်ကြောင်း"** ပြည်သူများသတိပြုစေချင်၊ မြင်စေချင်ပါသည်။

ထို့အတူ မြန်မာ့"အ"သုံးလုံးမှသည် ကမ္ဘာ့ကလေးများ အသက်ရှင်သန်ရေးထိ ကမ္ဘာပတ်ခဲ့သော မြန်မာ့မူရင်း "ပြည်သူလူထု ပူးပေါင်းပါဝင်မှုနည်းလမ်း" အစဉ်လာကောင်းကို ဆက်လက်ထိန်းသိမ်းသည့် အနေဖြင့် နိုင်ငံ့အရေးပေမို့ နိုင်ငံသားများမနေ့ ပူးပေါင်းပါဝင်စေလို၍ ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့် ဆရာကြီး ဒေါက်တာ ဦးသန်းဦး ပြောခဲ့သည့် "မျက်ဖွင့်သင်တန်း"ကို အတုယူ၍ ပြည်သူသို့ **"မျက်ဖွင့်ရေးသားမှု"**ကိုပြုကာ ဆော်ဩလိုက်ရပါသည်။ ။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များသို့ အလှူငွေလှူဒါန်းပွဲ ကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ ကျင်းပသည့် မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လေ့လှော်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်နိုင်ငံသံအမတ်ကြီးက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့ရှိသမိုင်းဝင်အောင်ဆန်းအားကစား ပြိုင်ကွင်းကြီးကို နိုင်ငံတကာအဆင့်မီ အသစ်တည်ဆောက်နိုင်ရေးနှင့် ယခုနှစ်ဒီဇင်ဘာလတွင်ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အတွက် ကူညီပံ့ပိုးမှုများ ဆက်လက် ဆောင်ရွက်ပေးရန် ပြောကြားသည်။

ထို့နောက် တရုတ်နိုင်ငံသံအမတ်ကြီးက မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်များအတွက် တရုတ်ယွမ်ငွေ ၅၀၀၀၀ နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၇၀၃၀ စီကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌတို့က လက်ခံရယူကြပြီး မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာက အဖွဲ့ချုပ်များကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အဖွဲ့ချုပ်များကိုယ်စား မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး မျိုးဆက်သစ်လူငယ်ဝူရှူးအားကစားသမားများနှင့် ခြင်းလုံးအားကစားမယ်တစ်ဦးတို့က အားကစားနည်းအလိုက် သရုပ်ပြသကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ တာဝန်ရှိသူများနှင့်အတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ရေကူးကန်တွင် ပရိသတ် ၄၀၀ ဆံ့ RC နှစ်ထပ်ပွဲကြည့်စင် တည်ဆောက်နေမှုနှင့် ရေကူးကန်ထိန်းသိမ်းအသုံးပြုနေမှု အခြေအနေများကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန RC နှစ်ထပ်ရုံးသစ် တည်ဆောက်ရေး လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် တည်ဆောက်ရေးနှင့် ဘောလုံးကွင်းမြက်ခင်း ပြုပြင်ရေးအတွက် လိုအပ်သည်များမှာကြားကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
WORLD FIRST AID DAY
၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်။
"အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်"
First Aid and Sports
Ready, Set, Respond

# ပြည်မြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အကြို စုပေါင်းသွေးလှူဒါန်း

ပြည် စက်တင်ဘာ ၁၃

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွန်းနိုင် ဦးဆောင်သော မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်လတ်နှင့်တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ပြည်မြို့ ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြသည်။

သွေးလှူဒါန်းနေမှုကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွန်းနိုင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး သွေးလှူရှင်များအတွက် အားဖြည့်အချိုရည်၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်သည်။ သွေးလှူဒါန်းရာတွင် ပြည်ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင် ၃၅ ဦးနှင့် မိသားစုဝင်ခြောက်ဦး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် သတင်းတပ်ဖွဲ့ဝင်လေးဦးအပါအဝင် စုစုပေါင်း ၄၈ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်းသိရသည်။

**ကိုဆက်(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၃

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ညောင်လေးပင်မြို့နယ်၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**ညောင်လေးပင် စက်တင်ဘာ ၁၃**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ပြုလုပ်ခဲ့ကြသည်။

စုပေါင်းသွေးလှူဒါန်းရာတွင် ညောင်လေးပင် ခရိုင်အတွင်းရှိ ညောင်လေးပင်၊ ဒိုက်ဦးနှင့် ကျောက်တံခါး မြို့နယ်များမှ ရဲတပ်ဖွဲ့ဝင်အရာရှိ ၁၁ ဦး၊ အခြားအဆင့် ၃၃ ဦး၊ မိသားစုဝင်ရှစ်ဦး စုစုပေါင်း ၅၂ ဦးတို့က ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ညောင်လေးပင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဇော်နိုင်ထွန်းနှင့် သက်ဆိုင်ရာမြို့နယ်များမှ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်အားပေး၍ သွေးလှူဒါန်းသူတပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်စာအဖြစ်ကြက်ဥ၊ ငှက်ပျောသီး၊ Adofexအားဆေးကတ်၊ Royal-Dနှင့် NOVAVIT အားဆေးကတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ပုသိမ်မြို့၌ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ




**ပုသိမ် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

အသိပညာပေး ဟောပြောပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အမှတ်(၇)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ပုသိမ်)မှ ခေတ္တတပ်ဖွဲ့စုမှူး ရဲအုပ်အောင်မျိုးသန့်က လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းရင်းများ၊ လူကုန်ကူးမှုနှင့်လူမှောင်ခိုမှု မတူညီသည့် အကြောင်းရင်းများ၊ လူကုန်ကူးမှုနှင့် ဆက်စပ်နေသည့် အကြောင်းတရားများ၊ လူကုန်ကူးခံရသူများရရှိနိုင်သည့် ဆိုးကျိုးများ၊ လူကုန်ကူးမှုမခံရအောင် တားဆီးကာကွယ်ရမည့် နည်းလမ်းများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေနှင့်ပတ်သက်သည့် အကြောင်းအရာများကို အသိပညာ ပေးဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၌ တိုင်ဖွန်းမုန်တိုင်းရာဂီ ဝင်ရောက်တိုက်ခတ်မှုကြောင့် မြေပြိုမှုနှင့် ရေကြီးရေလျှံမှုများဖြစ်ပွား၊ ဒေသခံ ၂၅၄ ဦးသေဆုံး



**ဟနွိုင်း စက်တင်ဘာ ၁၃**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၌ တိုင်ဖွန်းမုန်တိုင်း ရာဂီဝင်ရောက်တိုက်ခတ်မှုကြောင့် ဖြစ်ပွားခဲ့သည့် မြေပြိုမှုနှင့် ရေကြီးရေလျှံမှုများအတွင်း ယနေ့အထိ ဒေသခံ ၂၅၄ ဦးသေဆုံးကာ ၈၂ ဦးပျောက်ဆုံးနေကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ပြောကြားသည်။

လာကိုင်၊ ကာအိုဘန်နှင့် ယန်ဘိုင်းဒေသတို့သည် ယင်းသဘာဝဘေး ဆိုးရွားစွာခံရသည့် ဒေသများဖြစ်လာပြီး သေဆုံးသူ ၁၁၁ ဦးအထိ ရှိခဲ့သည်။

လက်ရှိအချိန်တွင် သဘာဝဘေးထိခိုက်ခံစားခဲ့ရသူများအား တာဝန်ရှိသူများက နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး တပ်မတော်သားများက ရေကြီးရေလျှံမှုဖြစ်ပွားရာဒေသများတွင် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။

ရာဂီတိုင်ဖွန်းဝင်ရောက်ခဲ့သည့် နိုင်ငံအရှေ့မြောက်ပိုင်း ကွန်နင်းပြည်နယ်ရှိ ယူနက်စကို အမွေအနှစ်စာရင်းဝင် ဟာလောင်းပင်လယ်အော်တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဟု သိရသည်။

ရာဂီတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် အရှေ့တောင်အာရှနိုင်ငံအများအပြားတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်း၌ ရေကြီးရေလျှံမှုဆိုင်ရာ သတိပေးချက်ထုတ်ပြန်

**ဗီယင်ကျန်း စက်တင်ဘာ ၁၃**

လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုအန္တရာယ် မြင့်တက်လာသဖြင့် ဒေသခံများကို အထူးသတိထားရန် လာအိုအာဏာပိုင်များက စက်တင်ဘာ ၁၃ ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့ သည်။




မဲခေါင် မြစ်ရေသည် ၁၂ ဒသမ ၅၇ မီတာ အထိ မြင့်တက်လာပြီး စိုးရိမ်ရေမှတ် ၁၂ ဒသမ ၅၀ မီတာထက် ကျော်လွန်ခဲ့ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြောကြားသည်။

လာမည့်နှစ်ရက်အတွင်း ၁၃ ဒသမ ၂၅ မီတာအထိ မြင့်တက်လာမည်ဟု တာဝန်ရှိသူများက ခန့်မှန်းထားသည်။

ရေဘေးသင့်နိုင်သည့် ဒေသများတွင် နေထိုင်သူများအား သတိပေးချက် ထုတ်ပြန်ရန်နှင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများအတွက် ကြိုတင်ပြင်ဆင်ထားရန် တာဝန်ရှိသူ အဆင့်ဆင့်အား တိုက်တွန်းထားသည်။ ဗီယင်ကျန်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် ရေကြီးရေလျှံမှုအန္တရာယ် လျော့ပါးစေရန် သက်ဆိုင်ရာ ဌာနအားလုံးနှင့် လက်တွဲဆောင်ရွက်နေသည်။ ရေကြီးရေလျှံမှု ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများအား တရားဝင် သတိပေးချက်များကို လိုက်နာကြရန်နှင့် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းထားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က MVA-BN မျောက်ကျောက်ရောဂါ ကာကွယ်ဆေးကို သုံးစွဲခွင့်အတည်ပြု

**နယူးယောက် စက်တင်ဘာ ၁၃**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒိန်းမတ်နိုင်ငံအခြေစိုက် ကာကွယ်ဆေးကုမ္ပဏီ Bavarian Nordic A/S မှတီထွင်ထုတ်လုပ်ထားသည့် MVA-BN မျောက်ကျောက်ရောဂါ ကာကွယ်ဆေးကို ကမ္ဘာ့နိုင်ငံများ၌ အသုံးပြုရန် အတည်ပြုခဲ့ကြောင်း ယနေ့ ကြေညာခဲ့သည်။

အဆိုပါမျောက်ကျောက်ကာကွယ်ဆေးသည် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့်အတွက် ခွင့်ပြုပေးခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

ကာကွယ်ဆေးအသစ်တစ်မျိုး ထွက်ပေါ်လာသည့်အတွက် အာဖရိက၌ ရောဂါကူးစက်ပျံ့နှံ့မှုကို လျှော့ချရန်နှင့် ထိန်းချုပ်ရန် ကြိုးပမ်းမှုများအတွက် အထောက်အကူဖြစ်စေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ် ဂါဘရီယီးဆပ်စ်က ပြောသည်။

ပြည်သူများ သာတူညီမျှလက်လှမ်းမီနိုင်စေရန်အတွက် ကာကွယ်ဆေးဝယ်ယူမှုနှင့် ဖြန့်ဖြူးမှုအတိုင်းအတာကို မြှင့်တင်ရန် လိုအပ်ကြောင်း ၎င်းက အလေးပေးပြောကြားသည်။

ကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအတွက် လေးပတ်ခြားပြီး နှစ်ကြိမ်ထိုးပေးရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချက်အလက်များအရ ကာကွယ်ဆေးသည် တစ်ကြိမ်ထိုးပြီးနောက် ၇၆ ရာခိုင်နှုန်းထိရောက်မှုရှိပြီး နှစ်ကြိမ်ထိုးပြီးနောက် ၈၂ ရာခိုင်နှုန်း ထိရောက်ကြောင်း သိရသည်။ ကာကွယ်ဆေး၏ ဘေးကင်းမှုနှင့် ထိရောက်မှုဆိုင်ရာ အချက်အလက်များကို ဆက်လက်စုဆောင်းရန် လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ က အလေးပေးပြောကြားခဲ့သည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**




# မော်ရိုကိုနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ တစ်ဦးတွေ့ရှိ

**ရာဘတ် စက်တင်ဘာ ၁၃**

မော်ရိုကိုနိုင်ငံ တောင်ပိုင်း မာရာကတ်ချ်မြို့၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူတစ်ဦး စစ်ဆေးတွေ့ရှိခဲ့ကြောင်း မော်ရိုကို ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

ကမ္ဘာအနှံ့အပြား၌ ကူးစက်မှုများဖြစ်ပွားလျက်ရှိစဉ် မော်ရိုကိုနိုင်ငံ၌ ယခုနှစ်အတွင်း ပထမဆုံးတွေ့ ရှိခြင်းဖြစ်ကြောင်း သိရသည်။

မျောက်ကျောက်ရောဂါ ကူးစက်ခံရသူသည် ပြင်းထန်သောရောဂါလက္ခဏာမတွေ့ရှိရသော်လည်း ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

မော်ရိုကိုနိုင်ငံအနေဖြင့် နိုင်ငံတကာဆိုင်ရာ ကျန်းမာရေးစံနှုန်းများနှင့်အညီ ရောဂါဖြစ်ပွားသူများကို သီးခြားထားရှိခြင်းနှင့် စောင့်ကြည့်ခြင်းအစီအမံများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရောဂါကူးစက်ခံရသူနှင့် ထိတွေ့ခဲ့သူများအား မျောက်ကျောက်ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ လက်ရှိအချိန်အထိ ရောဂါလက္ခဏာများ မတွေ့ရှိရကြောင်း သိရသည်။

လက်ကို ပုံမှန်ဆေးကြောခြင်း၊ ရောဂါပိုးရှိသူ သို့မဟုတ် သံသယရှိသူများနှင့် တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှု ဆောင်ရွက်ရန်အပါအဝင် ကြိုတင်ကာကွယ်မှုအစီအမံများကို လိုက်နာဆောင်ရွက်ကြရန် အကြံပြုထားကြောင်း သိရသည်။

မျောက်ကျောက်ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၂ ခုနှစ်နောက်ပိုင်း မော်ရိုကိုနိုင်ငံ၌ ပထမဆုံး ရောဂါကူးစက်ခံရသူ တွေ့ရှိခြင်းဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ၂၀၂၃ ခုနှစ်၌ မလေးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ၁၀ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့

**ကွာလာလမ်ပူ စက်တင်ဘာ ၁၃**

မလေးရှားနိုင်ငံ၏ခရီးသွားလုပ်ငန်းဝင်ငွေသည် ယမန်နှစ် အတွင်း ရင်းဂစ် ၂၇၅ ဒသမ ၈ ဘီလီယံအထိ ရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁၀ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း ယမန်နေ့တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်းရှိ ခရီးသွားလုပ်ငန်းကဏ္ဍ အပါအဝင် ကဏ္ဍပေါင်းစုံမှ အချိုးညီစွာဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ နိုင်ငံဝင်ငွေ တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း မလေးရှားစာရင်းအင်းဌာနက ပြောကြားသည်။

ယမန်နှစ်အတွင်း ခရီးသွားလုပ်ငန်းမှ ရရှိသည့် ဝင်ငွေသည် ပြည်တွင်း အသားတင်ထုတ်လုပ်မှု တန်ဖိုး၏ ၁၅ ဒသမ ၁၇ ခိုင်နှုန်းကို ကိုယ်စားပြုခဲ့ကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဝင်ရောက်သည့်နေရာများနှင့် ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး



လွိုင်ကော် စက်တင်ဘာ ၁၃

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သည့် စူပါတိုင်ဖွန်း ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးများအဆက်မပြတ်ရွာသွန်းခဲ့ပြီး ဘီလူးချောင်းရေမြင့်တက်ခဲ့သဖြင့် ရေဝင်ရောက်လျက်ရှိသည့် လွိုင်ကော်မြို့ နမ့်ကွတ်ရပ်ကွက်အတွင်းရှိ နေအိမ်များ၊ ရေစီးကွေ့ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) နမ့်ကွတ်၊ ရွှေတောင်ပရိယတ္တိစာသင်တိုက်နှင့် ကန္ဒရဝတီတံတားတို့၌ ချောင်းရေမြင့်တက်မှု အခြေအနေများအား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ကွတ်ရပ်ကွက်အတွင်းရှိ နေအိမ်အချို့၌ ဘီလူးချောင်းရေဝင်ရောက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နမ့်ကွတ်ရေစီးကွေ့သို့ သွားရောက်၍ ရေနစ်မြုပ်မှုမရှိရန် ကာရံထားသည့် မြေထိန်းနံရံများ ကြံ့ခိုင်မှုရှိ/ မရှိ၊ မြေထိန်းနံရံ နေရာများနှင့် နေအိမ်များတွင် ဘီလူးချောင်းရေ ထပ်မံဝင်ရောက်မှု မရှိစေရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)နမ့်ကွတ်ကျောင်း ရေဝင်ရောက်လျက်ရှိမှုအား သွားရောက်ကြည့်ရှု၍ ပြည်နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ရေများဝင်ရောက်မှုကြောင့် ကျောင်းအား ယာယီပိတ်ထားသော်လည်း ကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ ကျောင်းမပျက်စေရေးအတွက် အခြားစာသင်ကျောင်းများနှင့် တွဲဖက်သင်ကြားနိုင်ရန်နှင့် ဆရာ ဆရာမများ ယာယီခိုလှုံရေးစခန်းများသို့ ပြောင်းရွှေ့နိုင်ရေး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယာယီခိုလှုံရေးစခန်း ဖွင့်လှစ်ထားသည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ရေဘေးသင့်ပြည်သူများအတွက် နေရာချထားမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စာသင်ခန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ကွပ်ကဲမှုရုံး စနစ်တကျဖွင့်လှစ်၍ ကျန်းမာရေးစနစ်တကျစောင့်ရှောက်ပေးရန်၊ ၂၄ နာရီ ရေကင်းစောင့်ကြည့်နိုင်ရန်နှင့် ရေဘေးသင့်ပြည်သူများအား လတ်တလောစားသောက်မှု အဆင်ပြေစေရေး ဆောင်ရွက်ပေးရန်နှင့် လုံခြုံရေးစနစ်တကျဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ရွှေတောင်ပရိယတ္တိစာသင်တိုက်ကျောင်းဝင်းအတွင်း ရေများဝင်ရောက်နေမှု အခြေအနေများကို ကြည့်ရှုပြီး ကျောင်းဆောင်များအတွင်းရှိ အရေးကြီးပစ္စည်းများနှင့် စာပေကျမ်းဂန်များအား စနစ်တကျရွှေ့ပြောင်းပေးရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားကာ ကန္ဒရဝတီတံတားသို့ သွားရောက်ပြီး ဘီလူးချောင်းရေ အမှတ်တိုင်းကိရိယာအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကလောမြို့နယ်၌ မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားသည့်နေရာများအား ကြည့်ရှုစစ်ဆေး

ကလော စက်တင်ဘာ ၁၃

မြန်မာနိုင်ငံတွင် မုန်တိုင်းအဖျားခတ်မှုကြောင့် နေရာဒေသအသီးသီးတွင် မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးခြင်း၊ မြေပြိုခြင်း၊ ဆည်များကျိုးပေါက်ခြင်း၊ သစ်ပင်များလဲခြင်း ဖြစ်ပေါ်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်တွင် စက်တင်ဘာ ၁၀ ရက်မှစတင်၍ မိုးများအဆက်မပြတ် သည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများ အဆက်မပြတ်အရှိန်ဖြင့် တိုက်စားစီးဆင်းလျက်ရှိသောကြောင့် ကလောမြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်တွင် ရေကြီးနစ်မြုပ်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

အဆိုပါရေကြီးနစ်မြုပ်သည့်နေရာသို့ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုရာ ကလောမြို့နယ် အင်းပြင်နေရာတွင် လျှပ်စစ်ဓာတ်ကြိုးများ၊ ဓာတ်တိုင်များ ပြိုလဲ၍ ပျက်စီးခဲ့ရာ လျှပ်စစ်ဖြန့်ဖြူးရေးဌာနမှ ပြန်လည်ပြုပြင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်က လျှပ်စစ်မီးများ၊ ဆက်သွယ်ရေးလိုင်းများ ပြန်လည်ကောင်းမွန်ရေးနှင့် သောက်သုံးရေရရှိရေးတို့ကို ဆောင်ရွက်ပေးကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ထို့မှတစ်ဆင့် ကလောမြို့တွင် ရေများအရှိန်ဖြင့် ဝင်ရောက်၍ အများဆုံးနစ်မြုပ်သည့်နေရာနှင့် ရေများ ပြန်လည်ကျသွားသောနေရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ဒေသခံပြည်သူများက ရေနစ်မြုပ်မှုကြောင့် အိမ်သုံးပစ္စည်းများ၊ အမှိုက်များ၊ ရွှံ့နွံများ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှု၍ ပြည်သူများကို အားပေးစကား ပြောကြားသည်။

ငင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကလောမြို့ မြို့မပရိယတ္တိစာသင်တိုက် ဘုန်းကြီးကျောင်းသို့ သွားရောက်ကာ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကန်တော့၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်က သောက်ရေသုံးရေရရှိရေး၊ လျှပ်စစ်မီးများ ပြန်လည်ရရှိရေး၊ ဆက်သွယ်ရေးလိုင်းများ ပြန်လည်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများ စားသောက်နေထိုင်ရေးအတွက် ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ရေဘေးသင့်ပြည်သူများကိုလည်း အားပေးစကားပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ရေကြီးနစ်မြုပ်ရာတွင် ပါဝင်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသော တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကလောခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က သောက်ရေသုံးရေ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးလိုင်းများ ပြန်လည်ကောင်းမွန်ရေးအတွက် သက်ဆိုင်ရာဌာနများက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးကြရန်၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ဆန်၊ ဆီ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ သောက်ရေသန့်၊ သုံးရေများကိုလည်း ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပညာရေးနှင့် ကျန်းမာရေးသည် အရေးကြီးကိစ္စရပ်ဖြစ်၍ နဂိုမူလအတိုင်း ကျောင်းများ ယာယီဖွင့်နိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ သောက်ရေသန့်ကားများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရေသန့်စက်ရုံ တည်ဆောက်မည့်နေရာ ရွေးချယ်ပေးကြရန်၊ အင်းပြင်ရှိ ရေထွက်များကိုလည်း နဂိုမူလအတိုင်း ပြန်လည်အသုံးပြုနိုင်ရန် သက်ဆိုင်ရာဌာနများမှ ကြည့်ရှုစစ်ဆေးပေးကြရန်၊ ရေကြီးနစ်မြုပ်ခဲ့သည့် နေရာများတွင် ကျန်ရှိနေသောရွှံ့နွံများကို သန့်ရှင်းအောင် ဆောင်ရွက်ပေးကြရန် သက်ဆိုင်ရာဌာနများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ဟသ်ာတမြို့နယ်၌ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော စပါးခင်းများအား ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်များဖြင့် ပြန်လည်စိုက်ပျိုး

**ဟသ်ာတ စက်တင်ဘာ ၁၃**

ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကျောင်းကွင်းကျေးရွာတွင် ရေကြီးမှုကြောင့် နစ်မြုပ်ပျက်စီးခဲ့သည့် စပါးခင်းများအား ယမန်နေ့ ညနေပိုင်းက ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်များဖြင့် ပြန်လည်စိုက်ပျိုးခဲ့သည်။

အဆိုပါ ပြန်လည်စိုက်ပျိုးရာတွင် ကျောင်းကွင်းကျေးရွာ ကွင်းအမှတ် ၁၅၂၀၊ ဦးပိုင် ၁၇၂၊ တောင်သူ ဦးရွှေညို ပိုင်ဆိုင်သော လယ်ဧရိယာ နှစ်ဧကတွင် စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်ဖြင့် ရက် ၉၀ မျိုးစပါး ပြန်လည်စိုက်ပျိုးနေမှုနှင့် ရေကြီးမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကွင်းအမှတ် ၁၅၂၀၊ ဦးပိုင် ၁၇၂၊ တောင်သူ ဦးစိုးဝင်း၏ လယ်ဧရိယာ နှစ်ဧကတွင် ဆင်းသုခ စပါးပြန်လည်စိုက်ပျိုးနေမှုအား ဟသ်ာတခရိုင်နှင့် မြို့နယ် စိုက်တိုးမြှင့်အဖွဲ့များ၊ အုပ်ချုပ်ရေးမှူးများ တောင်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့မှုအား လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၃**

နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများ မြင့်တက်လာမှုနှင့်အတူ မြို့နယ်အချို့ရှိ ရပ်ကွက်၊ကျေးရွာများအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ကာ ကားလမ်း၊ ရထားလမ်းများ ရေကျော်ခြင်း၊ တံတားအချို့ပျက်စီးခြင်း၊ လျှပ်စစ်မီးတိုင်များနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်း၊ လူနေအိမ်များ ပျက်စီးခြင်း စသည်တို့ ဖြစ်ပွားခဲ့သည်။

ထိုသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ် ရွှေ့ပြောင်းပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ရေကြီးရေလျှံဖြစ်ပေါ်နေသည့် ဇေယျာသီရိမြို့နယ် ချောင်းကမ်းကြီး၊ ရွာသစ်ကြီး၊ စည်ပင်ကြီး၊ ညောင်ပင်ကြီး၊ ထိန်ပင်၊ ရှမ်းရွာ၊ သာယာအေး၊ ပေါက်တော၊ အိုင်ဇောက်၊ မွန်းတည့်ခွင်နှင့် စည်ပင်သာကျေးရွာ၊ ပျဉ်းမနားမြို့နယ် ဆင်သေ၊ **စာမျက်နှာ ၁၇ သို့ ✣**















✣ စာမျက်နှာ ၁၆ မှ

ဈေးကုန်း၊ မအူနှင့် ကံဦးကျေးရွာ၊ လယ်ဝေးမြို့နယ် အောင်ကုန်း၊ ပေါစံခေါ၊ သစ်ဆိမ့်ပင်၊ ဇီးဖြူပင်၊ ဂုံမင်းအိုင်၊ ပေါမန်၊ ဗောဓိကုန်းနှင့် ကြာကန်ကျေးရွာတို့၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးအသင်း/အဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ် ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံ ဝေငှပေးခြင်းများ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ရေများ ပြန်လည် ကျဆင်းသွားသည့် နေရာများရှိ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင် သစ်ကိုင်းများအား ဖယ်ရှားပေးခြင်းအပါအဝင် ကူညီကယ်ဆယ်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဝိုင်းဝန်း ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ စကားအင်းအဝိုင်းအနီးနှင့် ပန်းယျကျေးရွာအနီး၊ မိတ္ထီလာမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ တောင်တွင်းကြီးမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ် အခြားမြို့နယ်များရှိ ရေဘေးသင့် ပြည်သူများအား သက်ဆိုင်ရာနယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတလူမှုရေးအသင်းများက ရေဘေးလွတ်ကင်းရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်ပေးထားပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက စားသောက်ရေး အခက်အခဲမရှိစေရေးအတွက် ထမင်းဘူးများ၊ ရေသန့်များနှင့် အခြားစားသောက်ဖွယ်ရာများကို လိုက်လံဝေငှပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်၍ ရင်းရင်းနှီးနှီး အားပေးစကားများပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**













# မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၃

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ)အထက်သို့ ခုနစ်ပေခန့် (၂၀၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ)အထက်သို့ နှစ်ပေခွဲကျော် (၇၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ခြောက်ပေခွဲကျော် (၂၀၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# တာမွေမြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**တာမွေ စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းခရိုင် တာမွေမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ကျင်းပသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါ်ချိုချိုမြတ်အောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ သဃ်ာန်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်၊ သဃ်ာန်းကျွန်းခရိုင်ပညာရေးမှူး ဒေါ်စုစုခင်၊ တာမွေမြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် ကျင်းပပြုလုပ်သည့် စာအုပ်စာစောင်နှင့် ဓာတ်ပုံပြခန်းများ၊ တာမွေမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုပြခန်းများ၊ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ ထူးချွန်ဆုရ စာစီစာကုံးစာမူများနှင့် ပန်းချီလက်ရာများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ လူငယ်စကားဝိုင်းဆွေးနွေးနေမှု၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများ စသည့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် စာအုပ်အရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် တာမွေမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူခိုင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုမော်တို့က လက်ခံရယူပြီး ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူရှင်များက အလှူငွေများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးများက လက်ခံရယူသည်။

ဆက်လက်၍ ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေက စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် စာပေဆိုင်ရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆိုင်းဘုတ် စိုက်ထူ

**ကျိုင်းတုံ စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်းကို ယနေ့နံနက် ၉ နာရီက ကျိုင်းတုံ-တာချီလိတ်လမ်း နောင်နွန်းပူးပေါင်းဂိတ်အနီး၌ တာဝန်ရှိသူများက စုပေါင်းစိုက်ထူခဲ့ကြသည်။



**စုပေါင်းစိုက်ထူ**

ဦးစွာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အမှတ်(၁၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ကျိုင်းတုံ)၊ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အောင်ကျော်ဇင်နှင့် တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ စုပေါင်း၍ ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ကြော်ငြာဆိုင်းဘုတ်ကို စုပေါင်းစိုက်ထူကြသည်။

ထို့နောက် ကျိုင်းတုံတပ်နယ်မှူး ဗိုလ်မှူးချုပ် မျိုးဆက်အောင်၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဇော်လွင်ဦး၊ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ) ရဲမှူးကြီး အေးသိန်းတို့က မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



# တောင်ငူမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**တောင်ငူ စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက ယနေ့နံနက် ၉ နာရီခွဲတွင် စုပေါင်းသွေးလှူဒါန်းကြသည်။

**ကြည့်ရှုအားပေး**

ထိုသို့ စုပေါင်းသွေးလှူဒါန်းရာသို့ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးရဲမှူးကြီး ဝင်းချွန်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ဇော်ဝင်းတို့က လာရောက်ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းကြသည့် အရာရှိ သုံးဦး၊ အခြားအဆင့် ၁၅ ဦး၊ မိသားစုဝင် နှစ်ဦး စုစုပေါင်း ၂၀ အား ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ စာဖတ်ရှိန် မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**လှည်းကူး စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရဲမွန်၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က လူငယ်စကားဝိုင်းများ ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှည်းကူးမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် အထက(ခွဲ)ရဲမွန်မှ လက်ထောက်မူလတန်းပြဆရာမ ဒေါ်ရှိန်းထက်ထက်ဦးတို့က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ အထက(ခွဲ)ရဲမွန်မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ပညာရေး၊




လူငယ်နှင့် စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် လူငယ်နှင့် အားကစား စသည့်ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများကလည်း မိမိတို့ သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဥတုရာသီ တောကိုမှီ၏**

## မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၅၄ ပေ(၈၇၀ စင်တီမီတာ) အထက်သို့ သုံးပေကျော်(၉၄ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း နှစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၄ ဒသမ ၄၅ ပေ(၁၀၅၀ စင်တီမီတာ) အောက် တစ်ပေခွဲကျော်(၅၂ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မြစ်ငယ်မြို့နှင့် ရွှေစာရံမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပုလောမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကျင်းပ

**ပုလော စက်တင်ဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့တွင် ပုလောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက် သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ကြပြီး ပုလောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ လူငယ်စာပေဆွေးနွေးပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံး၊ ကဗျာရွတ်၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိနှင့် စကားရည်လုပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများမြှင့်ခဲ့ကြသည်။

**အေးအေးမော်(ပုလော)**

# ပဲခူးမြို့၌ စက်ချုပ်နည်းပညာ သင်တန်းဖွင့်လှစ်



အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး သင်တန်းတွင် သင်ကြားပေးမည့် အထည်ကုန်ကြမ်း၊ ဝတ်စုံ နမူနာနှင့် သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပဲခူး စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် စက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း သီရိပဟံသာ ခန်းမ၌ ကျင်းပသည်။

**ဖွင့်လှစ်သင်ကြားပေးလျက်ရှိ**


ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီး အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေး၊ မြို့ပြနှင့် ကျေးလက်ဒေသနေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေ တိုးပွားရရှိလာစေရေး၊ တစ်ပိုင်တစ်နိုင် အသေးစား ကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင် ဆောင်ရွက်နိုင်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက် လာစေရေးတို့အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိကြောင်း၊ ယခုသင်တန်းတွင် အမျိုးသမီးဝတ်မျိုးစုံနှင့် အမျိုးသား ဝတ်မျိုးစုံအား မီလီမီတာတိုင်းထွာနည်းစနစ်ဖြင့် ဈေးကွက်ဝင် အထည်များ ချုပ်လုပ်နိုင်ရေး သင်ကြားပေးသွားမည်ဖြစ်၍ သင်တန်းသူများအနေဖြင့် အလေးအနက်ထား လိုက်နာသင်ယူကြရန်နှင့် လက်တွေ့ဘဝတွင်လည်း အိုးမကွာအိမ်မကွာ ဝင်ငွေရသည့် လုပ်ငန်းအဖြစ် ဆက်လက်လုပ်ကိုင်ပြီး အောင်မြင်သည့် လုပ်ငန်းငယ်များ ဖြစ်သည်အထိ ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က သင်တန်းတက်ရောက်မည့် သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရ

တိုင်းဒေသကြီး(ပြန်/ဆက်)



# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

**ပြည် စက်တင်ဘာ ၁၃**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နတ်တလင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဇော်ဝင်း ဦးဆောင်သော အရာရှိ/အရာခံ၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် စုစုပေါင်း ၂၀ ဦးတို့က ယနေ့နံနက် ၉ နာရီတွင် ပြည်မြို့ (ခုတင်-၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ ပြည်သူ့အကျိုးပြု စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မိတ္ထီလာပညာရေးဒီဂရီကောလိပ်၌ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြော

**မိတ္ထီလာ စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယမန်နေ့က မိတ္ထီလာပညာရေးဒီဂရီကောလိပ် ပညာပါရမီခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးငွေဝင်းက သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့်အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများ စသည့်အကြောင်းအရာများကို အသိပညာပေးရှင်းလင်းခဲ့ရာ တက်ရောက်လာသူများက သန်းခေါင်စာရင်းဆိုင်ရာများနှင့် ပတ်သက်၍ မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၃။** ။နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိသည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၉-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၃၅ | ၃၁၀၀ | ၃၀၆၀ | ၃၁၃၅ | ၃၁၄၅ | ၃၁၆၀ | ၃၁၁၅ | ၃၂၄၀ | ၃၂၇၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၇၀ | ၃၁၆၀ | ၃၁၇၀ | ၃၅၇၅ | ၄၉၀၀ |
| 95 Ron | ၃၁၉၅ | ၃၂၇၅ | ၃၂၅၅ | ၃၂၀၅ | ၃၂၈၀ | ၃၂၉၀ | ၃၃၀၅ | ၃၂၆၀ | ၃၃၈၅ | ၃၄၁၅ | ၃၂၆၅ | ၃၂၈၀ | ၃၃၁၅ | ၃၃၀၀ | ၃၃၁၅ | ၃၇၂၀ | ၅၁၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၁၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၁၅ | ၂၆၇၀ | ၂၇၈၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၈၅ | ၂၇၂၅ | ၂၇၁၅ | ၂၇၂၅ | ၃၁၃၀ | ၄၉၀၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၆၀ | ၃၃၃၅ | ၃၂၈၅ | ၃၃၆၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၄၀ | ၃၄၆၅ | ၃၄၉၅ | ၃၃၄၅ | ၃၃၆၅ | ၃၃၉၅ | ၃၃၈၅ | ၃၃၉၅ | ၃၈၀၀ | ၄၉၀၀ |
| HSD (10 ppm) | ၃၂၇၅ | ၃၃၆၀ | ၃၃၃၅ | ၃၂၈၅ | ၃၃၆၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၄၀ | ၃၄၆၅ | ၃၄၉၅ | ၃၃၄၅ | ၃၃၆၅ | ၃၃၉၅ | ၃၃၈၅ | ၃၃၉၅ | ၃၈၀၀ | ၄၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၉၄ | ၂၉၈၅ |
| 95 Ron | ၃၀၃၄ | ၃၁၂၈ |
| HSD (500 ppm) | ၂၄၆၃ | ၂၅၄၂ |
| HSD (50 ppm) | ၃၁၁၂ | ၃၂၀၄ |
| HSD (10 ppm) | ၃၁၁၂ | ၃၂၀၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မုဒုံမြို့နယ်၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှု သင်တန်းဖွင့်လှစ်

**မုဒုံ စက်တင်ဘာ ၁၃**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှုအဆင့်(၁)နှင့် စစ်ဆေးအကဲဖြတ်ခြင်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကို ယမန်နေ့က နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ)ရှိ စိုက်ပျိုးရေးအသက်မွေးမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလှမိုးအောင်က ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစေးခြစ်နည်းပညာကို ကျွမ်းကျင်စွာတတ်မြောက်ခြင်းဖြင့် မိမိတို့စိုက်ကွက်များ၌ အသုံးချနိုင်သကဲ့သို့ ရော်ဘာစိုက်တောင်သူများထံ နည်းပညာများ ပြန်လည်ပို့ချပေးနိုင်ကြောင်း၊ ကျွမ်းကျင်သည့် အစေးခြစ်လုပ်သားများ ပေါ်ထွက်လာစေ၍ ရော်ဘာစိုက်တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရန် အခြေခံခြင်းဖြစ်ကြောင်းနှင့် သင်တန်းကို ကြိုးစား၍ သင်ယူကြစေလိုကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ရော်ဘာပညာရှင်နှင့် တာဝန်ရှိသူများက ရော်ဘာကျွမ်းကျင်မှု စံချိန်စံညွှန်းများ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် နည်းပြဆရာများက ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ သင်တန်းသား သင်တန်းသူ ၃၀ အား ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)

# ညောင်တုန်းမြို့နယ် ပန်းတိုင်စစ်ဆေးရေးဂိတ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မှတ်ပုံတင်နှင့် ခရီးသွားထောက်ခံစာ မပြနိုင်သော ခရီးသွားလူငယ်တချို့ကို ကားပေါ်မှဆွဲချကာ တပ်သားသစ်များအဖြစ် စုဆောင်းနေကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပန်းတိုင်စစ်ဆေးရေးဂိတ်တွင် စက်တင်ဘာ ၁၀ ရက်တွင် ကျုံပျော်မြို့နယ်မှ ရန်ကုန်မြို့သို့ ထွက်ခွာသည့် ခရီးသည်တင်ကားကို လုံခြုံရေး တပ်ဖွဲ့ဝင်များက စစ်ဆေး၍ မှတ်ပုံတင်နှင့် ခရီးသွားထောက်ခံစာ မပြနိုင်သော ခရီးသွားလူငယ် တချို့ကို ကားပေါ်မှ ဆွဲချဖမ်းဆီးပြီး စစ်မှုထမ်းရန် တပ်သားသစ်




များအဖြစ် စုဆောင်းမှုများရှိနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

ညောင်တုန်း မြို့နယ်အတွင်း အကြမ်းဖက်သမားများ မြို့၊ ရွာများအတွင်း ဝင်ရောက်၍ တရားမဝင်လက်နက်ခဲယမ်းများ သယ်ဆောင်ကာ အကြမ်းဖက်လုပ်ရပ်များ မလုပ်ဆောင်နိုင်စေရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျ စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများကို တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်စေရန်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ မှန်ကန်မှုမရှိသည့် သတင်းဓာတ်ပုံများဖြင့် သတင်းမှားများကို ဝါဒဖြန့်နေခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **သတင်းစဉ်**

# အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စုတို့တွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အပတ်စဉ်(၅) တက်ရောက်ရန်အတွက် အသက်မပြည့်သေးသည့်လူငယ်များကို အသက်လိမ်၍ မှတ်ပုံတင်ပြုလုပ်ပေးပြီး သင်တန်းတက်ရောက်ရမည်ဟု သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေ

**နေပြည်တော် စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စုတို့တွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအပတ်စဉ် (၅) တက်ရောက်ရန်အတွက် အသက်မပြည့်သေးသည့်လူငယ်များကို အသက်လိမ်၍ မှတ်ပုံတင်ပြုလုပ်ပေးပြီး သင်တန်းတက်ရောက်ရမည်ဟု သတင်းတု၊ သတင်းအမှားများဖြင့် တရားမဝင် ပြည်ဖျက်မီဒီယာများက ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းသည် မှန်ကန်မှုမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထိတ်တလန့် ဖြစ်စေရန်နှင့် လူငယ်လူရွယ်များကို လမ်းမှားရောက်စေရန်အတွက် သွေးထိုးလှုံ့ဆော် ဝါဒဖြန့်ပေးနေသည့် သတင်းအမှားသာ ဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၅) အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားနိုင်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များသည် တာဝန်ကျရာ တပ်ရင်းတပ်ဖွဲ့ အသီးသီးတွင်




နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဥပဒေကို အတိအလင်း သတ်မှတ်ဖော်ပြထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များအနေဖြင့် ခရိုင်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ပြဋ္ဌာန်းထားသည့် ဥပဒေများအတိုင်းသာ တိကျစွာလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ko Khant@User 547947103074" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ထုံးဘိုရပ်ကွက်နေ ခန့်ဝေစိုးအား ည ၆ နာရီ မိနစ် ၄၀ တွင် အမရပူရမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၉-၂၀၂၄ စနေနေ့

**MRTV HD**

**၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၀** ပန်းဆယ်မျိုးထဲမှမြန်မာ့လက်မှုပန်းပုပညာအလင်္ကာ
**၀၉:၁၅** ကမ္ဘာ့ရေးဦးပြုစုခြင်းနေ့အစီအစဉ် **'ပြည်သူ့အကျိုးပြုစေတနာ့ဝန်ထမ်း'**
**၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
**၁၁:၁၀** ချစ်စရာအရွယ်ကစားကြမယ်
**၁၁:၄၀** တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
**၁၂:၃၅** မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ကစားကွက်'** (အပိုင်း-၁၀)
**၁၃:၃၀** MRTV National News
**၁၆:၄၀** ရုပ်မြင်သံကြားဇာတ်လမ်း **'သန်းခေါင်ကျော်ပြီ'** (ပထမပိုင်း)
**၁၇:၂၀** ပုံပြင်ကမ္ဘာ **'ပညာသင်ရာဝယ်'**
**၁၇:၃၀** ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** ပြည်ချစ်သားမွန်တေးသဝဏ်
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်သူအနားက ချစ်လိပ်ပြာ'** (အပိုင်း-၂)
**၂၀:၀၀** ပြည်တွင်းသတင်း
နိုင်ငံတကာသတင်း
မိုးလေဝသအခြေအနေ
**၂၁:၀၀** (၁၈)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း (တတိယဆု) (မန္တလေးတိုင်းဒေသကြီး) (ပထမပိုင်း)

**mitv**

**07:01** Evergreen Classic: Suvanna Sama (Hnin Yee Thant)
**07:12** Weekly Review
**07:29** Karunar Kabar Home for the Aged (Nay Pyi Taw)
**07:48** Myanmar Family Life: Karaweik & Kandaw Gyi, The Glory of Yangon
**08:01** News
**08:26** Mote Sein Paung from Intaing Village
**08:35** Myanmar Masterclass: Artist Than Kywe
**08:47** Listening Pleasure, Instrumental Music (Piano) River Flows in you
**09:01** Quiz Time (Ep-73)
**10:01** News
**10:26** Children's Delight: Twelve Seasonal Festivals in Myanmar (The Month of Tawthalin)

**MRTV NRC**

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
တောင်ပေါ်မြို့ကပြာရည်ထုပ်
**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၂)
**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း
**ဝကေကာရင် (၁၂:၀၀ မှ ၁၃:၀၀)**
တိမ်ပင်လယ်သို့ခြေဆန့်ခြင်း
**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ကျောက်ဖရုံသီးအစွမ်းအံ့မခန်း
**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ရေနတ်ပူဇော်ခြင်း
**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ကလေးများဖုန်းကြည့်ခြင်းနှင့်ပတ်သက်ပြီး သတိပြုရမည့်အကြောင်း
**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ဆပ်ဝါကောက်သစ်ရိတ်သိမ်းခြင်း
**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ရှေးဟောင်းမွန်ရိုးရာတူရိယာ
**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
သာယာပါသည်ရခိုင့်ဌာနီ
**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၈)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၉:၄၅** လူငယ်တို့အတွက်လမ်းပြကြယ်
**၁၀:၁၅** Next Level
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၈:၄၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၄၅** ရှေ့သို့ချီမည်ပန်းတိုင်ဆီ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ **'အစ္စရေးနိုင်ငံ'**
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တွက်လစ်ဖြည့်ပါ'**
**၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ **'ဆွစ်ဇာလန်နိုင်ငံ'**
**၁၁:၃၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၂)

**MRTV FARMERS' / HTV Channel**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၁၅** ဆိုလာစွမ်းအင်မှသည်စိုက်ပျိုးရေးဆီသို့
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
**၁၇:၁၅** စိုက်ပျိုးမွေးမြူသုတဘဏ်
**၁၈:၀၀** ရင်ထဲကရွှေနန်းကျင် (ဇာတ်လမ်း)
**၁၈:၀၀** Satyaprem.Ki.Katha.2023 (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၄၅** Sports Diary
**၀၇:၄၀** Soccer View
**၁၁:၀၀** အားကစားသတင်း
**၁၅:၁၅** မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Yangon United FC Vs Dagon Star United FC)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

○ ကျောဖုံးမှ

ပတ်ဝန်းကျင်ဒေသအား အပူချိန်လျော့နည်းကျဆင်းပြီးပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုလျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအဖြစ်ဖွဲ့စည်း သတ်မှတ်ခြင်း ဖြစ်ပါသည်။

ရွှေဆံတော်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော အပူပိုင်းဒေသ၏ ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် သန်း၊ ဒဟတ်၊ ရှား၊ ထနောင်း၊ တမာ၊ ဆူးဖြူ စသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် လယ်ယာလုပ်ငန်းသုံး သစ်၊ ထင်း၊ ဝါးနှင့် အခြားအပူပိုင်းဒေသထွက်သစ်တောထွက်ပစ္စည်းများ ပိုမိုရရှိနိုင်ခြင်း၊ အရိပ်နှင့်နားခိုရာနေရာများ တိုးပွားလာစေခြင်း၊ ခါ၊ ချိုး၊ တောကြောင်၊ ငုံး၊ ယုန် စသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရ ဖြစ်ထွန်းမှုတိုက်ဖျက်ရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ ရေတိုက်စားမှု၊ လေတိုက်စားမှုများမှ တားဆီးကာကွယ်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုပိုမို ကောင်းမွန်မျှတလာနိုင်ခြင်းစသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အ.ထ.က(ခွဲ) နီးပဒေါ Grade- 11 မှ မဝင်းနန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးသန်း [၁၂/ဥကတ (နိုင်) ၀၄၃၄၁၇] ဖြစ်ပါကြောင်း။

**ဦးသန်း**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၀)၊ မြေကွက်အမှတ် (၁၅၄၉)၊ မြေကွက်တည်နေရာအမှတ် (၁၅၄၉)၊ (၁၅၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးကျော်မြင့်အောင် (CF- ၀၉၅၇၁၃) အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးကျော်မြင့်အောင် (CF-၀၉၅၇၁၃) ကွယ်လွန်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်စမ်းစမ်းဝင်း [၁၂/ဥကတ (နိုင်) ၀၂၂၉၁၀]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူသူ ဒေါ်ခိုင်ဇင်သူ [၁၀/မလမ (နိုင်)၂၃၄၅၂၆]၊ ဦးအောင်မျိုးမင်း [၁၀/မလမ(နိုင်)၂၃၈၅၀၉]တို့မှ ပါမစ်မူရင်း(မူရင်းတုံးပါ)၊ ဦးကျော်မြင့်အောင်၏ သေဆုံးမှုလက်မှတ်မိတ္တူတို့တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား ပါမစ်အမည်ပေါက်၏ ဇနီးထံမှ ဝယ်ယူခြင်းအား ရှင်းလင်းတင်ပြရန် အကြောင်းကြားခဲ့ရာ လျှောက်ထားသူမှ ဌာနဝင်စာ- ၆၁၁၈/ ၇-၅-၂၀၂၄ ဖြင့် အမည်ပေါက်ဖြစ်သူမှာ ၁၉၉၉ ခုနှစ် ကွယ်လွန်ပြီး ဇနီးဖြစ်သူမှ လက်မှတ်ဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းဖြစ်ပါကြောင်း သေစာရင်းမိတ္တူပူးတွဲ ရှင်းလင်းတင်ပြလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုး တင်ပြထားပါသဖြင့် ဒေါ်ခိုင်ဇင်သူ၊ ဦးအောင်မျိုးမင်းတို့မှ ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၂၉)၊ ဦးပိုင်အမှတ်(၁၁)၊ ၄၉x၅၀ ကြား၊ ၁၀၉x၁၁၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လေးလေးမွန်ကျော် [၉/အမဇ(နိုင်) ၀၁၃၇၁၅]၊ ဒေါ်အေးငြိမ်းမိုး[၉/အမဇ(နိုင်) ၀၁၃၇၁၈]၊ ဦးကျော်ကိုကိုထွန်း [၉/အမဇ(နိုင်) ၀၁၃၇၁၇]တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၁၂၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးမင်းထွန်း [၉/ခမစ(နိုင်)၀၁၉၂၀၅] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဗ-၄)၊ ဦးပိုင်အမှတ်(၇၀-က)၊ ၅၇လမ်းx ပရံတော်ချောင်းကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှတ်အမှတ် (၄၀၉/၉၁-၉၂)အရ ဒေါ်ကျင်ရွှေ၊ မှတ်ပုံတင်အမှတ်(BF-၀၀၄၇၆၆) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်နှင့် မြေချထားမိန့်(စလစ်) မူရင်းမှာ ပျောက်ဆုံးနေကြောင်း၊ ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ ဒေါ်နုနုဝင်း မှတ်ပုံတင်အမှတ် [၉/မနတ(နိုင်) ၀၀၁၄၃၅]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘားအံမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအသိပညာပေး ဟောပြော

ဘားအံ စက်တင်ဘာ ၁၃

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ဘားအံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဘားအံခရိုင်ဦးစီးမှူး ဦးမင်းနောင်က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းနှင့် ပတ်သက်သည့်အကြောင်းအရာများနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် ရရှိလာနိုင်မည့်အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောသည်။



အဆိုပါ ဟောပြောပွဲသို့ ဘားအံမြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ စုစုပေါင်းအင်အား ၂၀၀ ကျော် တက်ရောက်ခဲ့ကြပြီး သန်းခေါင်စာရင်းဆိုင်ရာ အမေးအဖြေများ ဆွေးနွေးဟောပြောခဲ့ရာ ဖြေဆိုသူများအား သန်းခေါင်စာရင်းဦးထုပ်၊ တီရှပ်နှင့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## “ကန့်ကွက်နိုင်ပါကြောင်း”

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ အိမ်စု (၁) လမ်း၊ အမှတ် - (၇၂၄/က) ဟုခေါ်တွင်သော မြေရှင် ဒေါ်ရင်ရင်နွယ် အမည်ပေါက်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရင်ခွဲတိုက်၊ (၃)လွှာ၊ ဒုတိယထပ်၊ တိုက်ခန်းအကျယ် (၁၄x၅၀)ပေရှိ တိုက်ခန်း(ခေါင်းရင်းခြမ်း) (၁)ခန်း၊ ရေနှင့်စက်မီးတာအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟကြေညာသူ ဦးကျော်ဇော [၁၂/တမန(နိုင်)၁၂၅၈၀၇]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဖြူဖြူလွင် [၁၂/အစန (နိုင်) ၁၂၃၁၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်နော်ခက်ခက်နိုင်(LL.B) | ဒေါ်ရီလေးမော်(LL.B) |
|---|---|
| (စဉ်-၂၈၆၇၄) | (စဉ်-၁၄၇၀၇) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်။ ဖုန်း - ၀၉-၄၂၀၀၈၉၃၈၀**

⊙ MNL မှ

